# စုန်ရေဆန်ရေ စီမံ့စမ်းရေ

နှင့်

အခြားကဗျာများ


ကျော်ဖေယျာလှိုင်

စီးပွားရေးတက္ကသိုလ်




၂၀၀၇-ခုနှစ်၊ စာပေဗိမာန် စာမူပြိုင်ပွဲ ကဗျာပေါင်းချုပ် ဒုတိယဆုရစာအုပ်

၂၀၀၇ ခုနှစ်၊ စာပေဗိမာန်စာမူဆု
ကဗျာပေါင်းချုပ် ဒုတိယဆုရ

# စုန်ရေဆန်ရေ စိမ့်စမ်းရေ

နှင့်

## အခြားကဗျာများ

ကျော်ဇေယျာလှိုင်
(စီးပွားရေးတက္ကသိုလ်)

တည်းဖြတ်စီစဉ်သူ - ဦးစန်းတင့် (တက္ကသိုလ် ဆန်းတင့်နိုင်)
စာတည်း (တာဝန်ခံ)

အဖုံးပန်းချီ - ကျော်ဖြူစံ

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၀၉ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

တန်ဖိုး ( ၉၀၀ ) ကျပ်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် စာတည်းမှူးချုပ်က
မှတ်ပုံတင်အမှတ် ၀၇၄၉၂ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်။

## ဒို့တာဝန် အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး .... ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး .... ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး .... ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# နှုတ်ခွန်းဆင့် အဖွင့်စာလွှာ

အနန္တော အနန္တ ငါးပါး၊ ခင်ပွန်းကြီး ဆယ်ပါး၊ ခုနစ်ကျိုက်ဆရာတော် ကာယစိတ္တသုခကျောင်း၊ ဇမ္ဗူအေးကျောင်းတိုက်ဝင်း၊ မြောက်ဥက္ကလာပ၊ ဆရာတော် ဦးဉာဏောဘာသ သိရီမင်္ဂလာ မဟာဓမ္မာရုံကျောင်းတိုက်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းတို့နှင့် ကျေးဇူးရှင်မိဘများဖြစ်ကြသော (ဦးမျိုးမြင့်) ဒေါ်အေးတင်တို့အား ရည်စူးအမှူးထား၍၊ ဆရာ ဦးမြသောင်း (မြတ်ရောင်ခြည်)၊ ဆရာ ဦးသင်းမောင် (MIEGA)၊ ဆရာ မြင်းမူမောင်နိုင်မိုး (နိုင်ငံ့ဂုဏ်ရည်)၊ ဆရာ ဝင်းဝေနောင် (ပန်းအလင်္ကာ)၊ ကိုကျော်စိုးမင်း၊ ကိုထွန်းထွန်းကျော်၊ ဖြိုးအိရှိန်၊ Dr-မင်းသန့်ညွန့်၊ ကိုရဲလွင်ဦး၊ ကိုဆန်းထွေးအုန်း၊ သက်နှင်းဆွေ(ပုပ္ပား)၊ သော်တာစိုး၊ ဖျာပုံသိန်းလှအောင်၊ ကိုပေါ်လွင်၊ ပန်းချီ အောင်ဘ၊ ပန်းချီကျော်ဖြူစံ၊ (ပန်းချီ ရွှေစိုးဟန်)၊ ဇော်ဇော်၊ ထက်ထက်၊ ခန့်ဇင်ကျော်၊ ခင်ငြိမ်းချမ်းကျော်(တသသစားရိပ်မွန်) တို့နှင့်အတူ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အားလုံးတို့အားလည်းကောင်း၊ မြန်မာနိုင်ငံစီးပွားရေး တက္ကသိုလ် ဘွဲ့ရများအသင်း၊ ၁၉၇၉ ခုနှစ် ဘွဲ့ရသူငယ်ချင်းများအားလည်း ကောင်း၊ အထူးအားဖြင့် ငယ်စဉ်ကလေးဘဝမှအစ အားကျလေးစား ဂုဏ်ယူ ဝင့်ကြွားစွာ ရှိုးသားစွဲမက် အာဂုံနှုတ်တက် အလွတ်ကျက်၍ ယခုထက်တိုင် အောင် အသည်းစိုင်ဝယ် ခိုင်တွယ်နှစ်မြှုပ် ရင်၌သနွေတည် တာရှည်စိုးမိုး လွှမ်းမိုးပျိုးထောင်ပေးစေခဲ့သော ကဗျာစာဆိုရှင် ဆရာ၊ ဆရာမကြီးများ၊ နောင်တော် အစ်ကိုတော် စာရေးဆရာ၊ ကဗျာဆရာအားလုံး အားလုံးတို့အား လည်းကောင်း၊ လျှောက်လှမ်းဖြတ်သန်းခဲ့ရာ ဘဝတာခရီးရှည်တွင် ယုံကြည်ချက်၊ ခံယူချက်၊ ရပ်တည်ချက်၊ ဝါသနာ၊ စေတနာ၊ အကြင်နာ၊ နားလည်မှု တူညီစွာ၊ ကောင်းတူဆိုးဖက် ခရီးဆက်၍ လက်တွဲမပျက်ခဲ့ကြသော တမ်းတဖော် ငယ်သူငယ်ချင်းများ၊ မြှောက်ပင့်ပေးသူ၊ ရှုတ်ချကြသူ၊ ကဲ့ရဲ့သူ၊ ကူညီသူ၊

စေတနာထားသူ၊ ဝေဒနာပွားသူ၊ အကြံပေးသူ၊ ဆလံပေးသူ၊ တစ်သက်မခွဲ အတူ လက်တွဲသူ အားလုံးတို့အား "စုန်ရေ ဆန်ရေ စိမ့်စမ်းရေနှင့် အခြားကဗျာများ" ဖြင့် ခံစားပေးအပ် ကျေးဇူးဆပ်ပါ၏။ ကျေးဇူးတင်ထိုက်သူအားလုံးတို့ကိုလည်း ရင်နှင့်အမျှ တသသဖြင့် မှန်းဆကြည်နူး အထူးကျေးဇူးတင်ရှိပါသည်။

ကဗျာကို ခံစား၊ အနုပညာ နှလုံးသား၊ မုဒိတာ အပြုံးများဖြင့် လောကကိုအလှဆင် ဘဝလွင်ပြင်၏ အောင်မြင်ခြင်း ရင်ခွင်မှာ ကျေးဇူးဂုဏ်ဝင် ကမ္ပည်းမော်ကွန်း တင်ရစ်ပါစေသတည်း။

လေးစားထာဝရ ဂါရဝဖြင့်

ကျော်ဝေယျာလှိုင်
(စီးပွားရေးတက္ကသိုလ်)

# မာတိကာ


| စဉ် | ခေါင်းစဉ် | စာမျက်နှာ |
| --- | --- | --- |
| | နှုတ်ခွန်းဆင့် အဖွင့်စာလွှာ | |
| ၁။ | သိမှသိမည် | ၁ |
| ၂။ | ခင်ပွန်းကြီးဆယ်ပါး ပူဇော်ကန်တော့ခန်း | ၃ |
| ၃။ | ကျေးဇူးတော်ရှင် ခင်ပွန်းကြီးဆယ်ပါး ကိုးကွယ်အားထား အကျိုး(၁၁)ပါး | ၈ |
| ၄။ | ကျေးဇူးတော်ရှင် ခင်ပွန်းကြီးဆယ်ပါး ပြစ်မှားစော်ကား ဒဏ်ဆယ်ပါး | ၁၂ |
| ၅။ | ပါရမီတော်ဆယ်ပါး | ၁၆ |
| ၆။ | ဆန့်သောလက် မကွေးမီ ကွေးသောလက် မဆန့်မီ | ၂၀ |
| ၇။ | ဂါရဝ ကန်တော့ပန်း | ၂၂ |
| ၈။ | စုန်ရေ ဆန်ရေ စိမ့်စမ်းရေ | ၂၄ |
| ၉။ | မြင်းမိုရ်ဦးသို့ ကန်တော့ပန်း | ၂၅ |
| ၁၀။ | နှိုင်းတုလို့ဖြင့် မမီပါနိုင် | ၂၇ |
| ၁၁။ | မွေးမေမိခင် ထာဝစဉ် | ၂၉ |
| ၁၂။ | အာစရိယ ကန်တော့ပန်း | ၃၁ |
| ၁၃။ | ဆန်ရေစစ်တမ်း (သို့မဟုတ်) သမုဒယသစ္စာကို သရုပ်ခွဲခြင်း | ၃၄ |

| စဉ် | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁၄။ | အလွမ်း လက်ကျန်ရှင်းတမ်း | ၃၈ |
| ၁၅။ | အာစရိယဂုဏော အနန္တော | ၃၉ |
| ၁၆။ | ကာလံဒေသံ အဂ္ဂခန့် | ၄၃ |
| ၁၇။ | လူဆိုသည်မှာ | ၄၅ |
| ၁၈။ | အသေဝနာစ ဗာလာနံ | ၄၇ |
| ၁၉။ | လူ လေးမျိုး | ၅၀ |
| ၂၀။ | မြားနဲ့အား | ၅၂ |
| ၂၁။ | အောင်သပြေ | ၅၄ |
| ၂၂။ | ခရေ ဝေဒနာ | ၅၆ |
| ၂၃။ | အလွမ်းစံပယ် | ၅၉ |
| ၂၄။ | စမ်းရေ (သို့မဟုတ်) မြစမ်းသီတာ | ၆၂ |
| ၂၅။ | "အ"ကို သရုပ်ခွဲခြင်း | ၆၄ |
| ၂၆။ | နိုင်ငံတော်၏ အနာဂတ်ကံကြမ္မာသည် လူငယ်တို့လက်တွင် တည်သည် | ၆၅ |
| ၂၇။ | ပြည်သူ့သားကောင်း သူငယ်ချင်းသို့ | ၇၀ |
| ၂၈။ | လောကနတ်နှင့် တွေ့ဆုံခြင်း | ၇၃ |
| ၂၉။ | ချမ်းမြေ့အေးရိပ် | ၇၆ |
| ၃၀။ | တောင်တိမ်လို့ငြိုး တံတိုင်းတို့ထက်တွင် | ၇၉ |
| ၃၁။ | အကျည်းတန် ဆည်းဆာ | ၈၂ |
| ၃၂။ | သုသာန်၏ သရုပ်သဏ္ဌာန် | ၈၄ |
| ၃၃။ | သဒ္ဒါရ သံသရာ | ၈၆ |
| ၃၄။ | ငှက် အဘိဓမ္မာ | ၈၉ |
| ၃၅။ | လက် အသင်္ချေဖြင့် | ၉၁ |
| ၃၆။ | နွေအသင်္ချေ နေအနန္တ | ၉၂ |
| ၃၇။ | ကျန်းမာရေး အကောင်းဆုံး | ၉၄ |

| စဉ် | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၃၈။ | အစာအိမ် တစ်ခုအကြောင်း | ၉၇ |
| ၃၉။ | အိမ် | ၉၉ |
| ၄၀။ | လေတိုက်နေသော ငါ | ၁၀၁ |
| ၄၁။ | အဖြည့်ခံ | ၁၀၂ |
| ၄၂။ | သွားလမ်းသာစေ လာလမ်းဖြောင့်စေ | ၁၀၄ |
| ၄၃။ | ဓာတ်စာ | ၁၀၅ |
| ၄၄။ | ပန်းမခူးရ | ၁၀၆ |
| ၄၅။ | သစ္စာသမား | ၁၀၇ |
| ၄၆။ | သစ္စာစည်း | ၁၀၉ |
| ၄၇။ | အိုကိုမြို့သူ | ၁၁၁ |
| ၄၈။ | ပန်းပွင့်လေးဆယ် (သို့မဟုတ်) | ၁၁၃ |
| ၄၉။ | ငွေရတုမွေးနေ့ သဝဏ်လွှာ | ၁၁၈ |
| ၅၀။ | အမုန်းမြို့မှာ အပြန် | ၁၂၃ |
| ၅၁။ | ပုဂ္ဂလိက ယုတ္တိဗေဒ သုတေသန | ၁၂၅ |
| ၅၂။ | မှာတမ်းမှတ်တမ်း | ၁၂၉ |
| ၅၃။ | မွေးနေ့လက်ဆောင် | ၁၃၁ |
| ၅၄။ | ချမ်းသာပြည့်စုံ အောင်မြင်ကျော် အသက် ၁၂၀ ရှည်စေသော်ဝ် | ၁၃၃ |
| ၅၅။ | အကြွင်းမဲ့၏ အခြားမဲ့မှာ | ၁၃၇ |
| ၅၆။ | အိပ်မက်အိမ်၏ တဒင်္ဂဗဏ္ဏာရီ | ၁၄၁ |
| ၅၇။ | အုံ့ပုန်းချစ် | ၁၄၄ |
| ၅၈။ | "မှိုင်း" နေမင်း | ၁၄၆ |
| ၅၉။ | အာဇာနည် အလွှမ်း | ၁၄၈ |
| ၆၀။ | အာဠဝကာ၏ မေတစ်ရက် | ၁၅၂ |

စဉ် စာမျက်နှာ

၆၁။ တောင်သူလယ်သမားအရေးတော်ပုံ၏
"ဂဠုန်ဆရာစံ" ၁၅၅
၆၂။ စာဆို၏ ဆန္ဒဆုမွန် ၁၆၀

# သိမှသိမည်

**(သိ မှ သိ-မသိကို သိသည်)**

**(မသိက သိ-မသိကို မသိ)**

* အသိတရား
နှလုံးသားမှာ
ခံစားထိမိ၊ သတိရှိမှ
သိ - မသိကို သိနိုင်မည်· · ·။

* အသိတရား
နှလုံးသားမှာ
ယိုးမှားစွဲငြိ၊ သတိမရှိက
သိ - မသိကို မသိနိုင်· · · ။

* မသိက မသိ
သိမှ သိမည်
စိတ်၏အသိ
မသိခြင်းများ ဝိုးတဝါးများစွာ

ယိုးမှားမှိုင်တွေ၊ ဝေဒနာများစွာ
တွေဝေသွားခြင်း၊ မှားခြင်းများစွာ
စာနာခြင်းတရား၊ နားလည်မှုများစွာ
ရှိသားခံစား၊ ကိုယ်ချင်းစာထား၍
ပွားများမှုဝေ၊ မေတ္တာခြွေပါ
ဝေဒနာရှိ၊ ဒေသနာညှိသော်
သိ -မသိကို သိမည်တည်း...။ ။

(ကျေးဇူးတော်ရှင် မိုးညှင်းသမ္ဗုဒ္ဓေဆရာတော်ကြီးအား ရှိသေဦးညွှတ်
ပူဇော်ကန်တော့လျက်)

(၅-၅-၂၀၀၅)

❖ ❖ ❖ ❖

## ခင်ပွန်းကြီးဆယ်ပါး ပူဇော်ကန်တော့ခန်း

* ကျေးဇူးတော်ရှင်
ခင်ပွန်းကြီးဆယ်ပါး၏
တင်ရှိလုံးစုံ၊ ကျေးဇူးဂုဏ်ကို
အာရုံမျက်မြင်၊ အသိဝင်လျက်
နေ့စဉ်မပြတ်၊ ရှိသေမြတ်နိုး
ဆည်းကပ်ကိုးကွယ်ကြပါ၏ . . . ။
နေ့ညထာဝရ၊ ဂါရဝတရားဖြင့်
လေးစားပူဇော်ကြပါ၏ . . .။

* ထိုမှတစ်ဖုံ
နှစ်စုံလက်ဒူး၊ မြတ်နဖူးဖြင့်
ကြည်နူးပန်ရှုယ်၊ ဆံပယ်လက်အုပ်
ခြေဆုပ်မေတ္တာ၊ ရှိသေစွာဖြင့်
ညွှတ်ကာဝပ်စင်း၊ မြေ၌ခင်း၍
တည်ခြင်းငါးမည်၊ စုံအညီဖြင့်
ဂုဏ်ရည်မျှော်ကိုး၊ လွန်မြတ်နိုးလျက်
ရှိကျိုးကန်တော့ကြပါ၏ . . . . ။

* ခင်ပွန်းကြီးတို့၏
ပိုသည့်မေတ္တာ၊ အေးကြည်စွာကို
ကောင်းစွာခံယူ၊ ချမ်းမြေ့ဟူသား
ကြည်ဖြူနှလုံးသား၊ ပီတိပွားလျက်
ခံစားနိုင်ရပါစေသတည်း…။

* ခင်ပွန်းကြီးတို့အပေါ်
လွန်သော်ဘဝ၊ ယခုဘဝများ
ကျေးဇူးတရားမေ့၊ စိတ်မချမ်းမြေ့စွာ
ယုတ်မာကြမ်းတမ်း၊ ရိုင်းစိုင်းခန်းများ
မျှော်မှန်းကြံစည်၊ ရှိခဲ့သည်များ
သိသည်ဖြစ်လျက်၊ မသိလျက်ဖြစ်စေ
ကြံချဆုံနေဘိ၊ အဖြေမရှိ
သတိလွတ်ကင်း
သိမ်ဖျင်းပေါ့တန်၊ စော်ကားဟန်ပန်
ကာယကံ၊ ဝစီကံ၊ မနောကံလျှင်
မဆင်ခြင်ပြန်
တစ်ရံတစ်ဆစ်၊ အပြစ်ပြုမိ
တင်ရှိဝန်တာ၊ ရှိခဲ့ပါသော်
ကြင်နာမေတ္တာ၊ ကရုဏာဖြင့်
စာနာထောက်ထား၊ ခွင့်သနားရန်
တောင်းပန်ဝန်ချ၊ ကျေအေးကြပါ

ကြည်သာနူးညွှတ်၊ တုန္နိုင်းလွတ်ချင်
ထွတ်တင်ရိုးကျိုး၊ လက်အုပ်မိုး၍
ရှိခိုးကန်တော့ကြပါသည်ဘုရား…။

*    ကျွန်ုပ်တို့ကလည်း
ပြုကြကောင်းမှု၊ အစုစုကို
တောင်းဆုချွေထား၊ ရစေသားဟု၊
လိုလားပြည့်ဝ၊ ပို့သမေတ္တာ
ပေးဝေပါလို့၊ မျှဝေဆို၏
ကိုယ်စိတ်နှစ်ဖြာ၊ ကျန်းမာရန်သာ
မှန်စွာအသိဉာဏ်၊ ဆင်ခြင်ဉာဏ်ဖြင့်
တုံ့ပြန်ကျေးဇူး၊ ဆပ်ခွင့်ထူးကို
ရဖူးကြုံခိုက်၊ ဆုတောင်းလိုက်၏
ရင်၌တည်နေ၊ ချမ်းမြေ့စေဟု
ယခုနေမှ၊ အခြေစပေး
အကုသိုလ်အတွေး
ကင်းစင်ဝေးကွာ၊ ရှိပါစေကြောင်း
ကောင်းကျိုးချမ်းသာ၊ မင်္ဂလာအပေါင်း
ခညောင်းဝေဆာ၊ ပြည့်စုံပါစေ
ဘာသာသာသနာ

*    တာဝန်ဝတ္တရား၊ ကျေပွန်သွားရန်
ဆိုထားဆုပန်၊ သန္နိဋ္ဌာန်ဖြင့်

အားမာန်စွမ်းရည်၊ လက်လုပ်မီသမျှ
စွမ်းဆောင်ကြလျှင်၊ ပေးဆပ်ချင်သား
ကျေးဇူးရှင်တို့အား၊ ကျေးဇူးတရားမြတ်
ကျေးဇူးဆပ်ချင်၊ ပူဇော်ချင်ကြ
အောင်မြင်ဆန္ဒ ပြည့်စုံရလို ...။

* ဩော် -- ဗုဒ္ဓဘာသာ၊ သာသနာသည်
ကမ္ဘာသတ္တဝါ၊ ကာလတာထဲ
ရှည်ကြာစွဲပိုင်၊ လွှမ်းမိုးနိုင်ကာ
နိုင်မြဲတည်တံ့ ပါစေသတည်း ...။
မပျက်မသွေ၊ ကာလရှည်စွာ
သက်သေတည်နေ ပါစေသတည်း ...။

* သာသနာသုံးရပ်၊ ဗျာဒိတ်တော်မှတ်
တံဆိပ်ခတ်ဆောင်၊ နှစ်ငါးထောင်မက
လူ့ဘောင်ကြံ့နိုင်၊ ပွားစည်နိုင်၍
နိုင်ကျည်တည်တံ့ ပါစေသတည်း ...။
ကမ္ဘာတည်အနံ့၊ အရှည်ဆန့်၍
နိုင်ခံ့တည်တံ့ ပါစေသတည်း ...။

* ဗုဒ္ဓမေတ္တာ
သာသနာသည်၊ ရောင်ဝါနေဝန်း

ပြည့်ပြည့်ရွှန်းစွာ၊ ထွန်းလင်းသာကြည်
မြန်မာပြည်အနှံ့၊ ဝေစည်ပျံ့လျှက်
တည်တံ့ခြုံလွှမ်း နိုင်စေသော်ဝ် ...။ ။

❖ ❖ ❖ ❖

## ကျေးဇူးတော်ရှင် ခင်ပွန်းကြီး ဆယ်ပါး
## ကိုးကွယ်အားထား အကျိုး(၁၁)ပါး

* ကျေးဇူးတော်ရှင်
ခင်ပွန်းကြီးဆယ်ပါး၊ ဦးထိပ်ထား၍
လေးစားကော်ရော်၊ ပူဇော်သူတွေ
ရှိသေရှိခိုး၊ အကျိုး ဆယ့်တစ်မျိုး
ပိုင်စိုးရမှာ ကေန်သာ ...။

* လောကခံမှာ
စုန်ဆန်ဖြတ်သန်း၊ ခရီးလမ်းတွင်း
ကြမ်းတမ်းပြင်းထန်၊ ခက်ထန်လှစွာ
ဝေဒနာကင်း၊ ဒဏ်ရာမဲ့ခြင်း
ကင်းရှင်းထာဝရ ကျန်းမာရ...။

* ရင်းနှီးအားတင်း
ခဲယဉ်းဖွေရှာ၊ ပစ္စည်းဥစ္စာတို့
သေချာခိုင်မာ၊ ပိုင်ဆိုင်လာဆဲ
စုစည်းဆဲမှာ၊ တည်မြဲလာပေး
ချမ်းသာနွေးထွေး စိတ်ငြိမ်းအေး...။

* ကိုယ်ခန္ဓာမှာ
အင်္ဂါခြေလက်
မကျိုးပျက်သော၊ ပြေလျောညီညာ
လက္ခဏာတို့၊ တင့်တယ်စွာရှိ
ပိုင်ဆိုင်လာဘိ ကျက်သရေပြည့်…။

* ထိုမှတစ်မူ
အနူအရှဲ့၊ ဝဲနာခူနာ
အနာကြီးရောဂါ၊ ကင်းစင်ကွာ၍
ခါးနာခါးကုန်း၊ မျက်လုံးကန်း နားပင်း
ကင်းရှင်းထာဝစဉ် ဝေဒနာစင်…။

* ရောဂါဆိုးမှတ်၊ လေဖြတ်လေနာ
သွက်သွက်ခါပင်၊ ယဉ်ယဉ်နဲ့ထူး
ရှုံ့သွပ်ခြင်းမှ၊ ကင်းဝေးရလာ
ဝဋ်နာကံနာ ကင်းစင်ကွာ…။

* ဘိုးဘွားပိုင်ဆိုင်
ကိုယ်ပိုင်အိုးအိမ်
စည်းစိမ်ဥစ္စာ၊ အဖြာဖြာကို
ရာဇာမင်းစိုး ၊ အာဏာတန်ခိုးဖြင့်
ဖျက်ချိုးသိမ်း၊ ရန်မပြုခဲ့။

* သူတစ်ပါးက
ကိုယ့်အားဖော်ထုတ်၊ မဟုတ်မဟတ်
လုပ်ဇာတ်ဆင်ခြင်း၊ စွပ်စွဲခြင်းတွေ
ကင်းလွတ်စေခဲ့ မကဲ့ရဲ့နိုင်…။

* မိသားစုဘဝ
မိဘလင်မယား၊ သမီးသားတို့
ဆွေမျိုးဉာတိ၊ ဆရာတပည့်များ
ရှိသည့်အားမြောက်၊ အားကိုးလောက်သူ
မိတ်ဆွေဟူသည် ၊ တူညီလက်တွဲ
တည်မြဲဆက်ခါ တစ်သက်မခွဲခွါ…။

* ဒီရေအလား
စီးပွားအိုးအိမ်၊ စည်းစိမ်ဥစ္စာ
လွယ်ကူစွာလေ၊ ရှာဖွေသိမ်း
စုပုံပြီးမှ၊ လိုတရသလို
ဘဝကိုပြောင်း သူဌေးသူကြွယ်လောင်း…။

* ပိုင်ဆိုင်ပြီးချိန်
အိုးအိမ်တိုက်တာ ၊ စည်းစိမ်မှာလည်း
ရေမှာဘေးရှင်း၊ မီးဘေးကင်း၍
မိုးကြိုးကွင်းပ၊ ချမ်းသာရအကျိုး
ရန်သူမျိုးငါးပါး အဝေးရှောင်ရှား …။

* အဆုံးစွန်တွင်
သေလွန်သောအခါ၊ နတ်ရွာသုဂတိ
ရောက်ရှိလွယ်ကူ၊ အကျိုးထူးများ
ထူးထူးခြားခြား၊ ခံစားရမှာ
ယုံကြည်ပါလော့ . . . ။

* သံသရာအစ၊ ပါရမီရချင်
ဘဝခုပင်၊ စပြင်ဆင်လော့
ခင်ပွန်းကြီးဆယ်ပါး၊ ဦးထိပ်ထား၍
လေးစားရိုကျိုး ၊ ဂုဏ်မြတ်နိုးကာ
ရှိခိုးထာဝရ၊ ပူဇော်ကြပါ
ဘဝသံသရာ၊ အေးငြိမ်းသာလျက်
သေချာမုချ၊ နိဗ္ဗာနသို့
ရောက်ရကြောင်း အမှန်တကား။ ။

❖ ❖ ❖ ❖

## ကျေးဇူးတော်ရှင် ခင်ပွန်းကြီးဆယ်ပါး ဖြစ်မှားစော်ကား ဒဏ်ဆယ်ပါး

* ကျေးဇူးတော်ရှင်
ခင်ပွန်းကြီးဆယ်ပါး၊ တစ်ပါးပါးအား
ဖြစ်မှားစော်ကား၊ ဒဏ်ဆယ်ပါးကို
ခံစားကြုံတွေ့ မမေ့စေယုံ
ဤလူ့ဘုံတွင် ကောန်ပင်။

* လောကခံမှာ
စုန်ဆန်ဖြတ်သန်း၊ ခရီးလမ်းကြား
လျှောက်လှမ်းလှုပ်ရှား၊ မနေနားဘဲ
သွေးသားဆုတ်ယုတ်
ကြမ်းကြုတ်ရှုံရာ
ရုပ်ခန္ဓာမှာ၊ ဝေဒနာများ
နာကျင်ခံစား ဖိစီးထား။

* ဥစ္စာစီးပွား
ရင်းနှီးအားအင်
ပတ်ဝန်းကျင်မှာ၊ ပြိုပြင်ဆင်းရဲ

ကျပ်တည်းရှာဖွေ ၊ ပစ္စည်းတွေလည်း
ပျက်လေကုန်ဆုံး လွင့်ပျောက်ရှုံး။

* ခန္ဓာကိုယ်တစ်လျှောက်
ထိပ်ပေါက်ခေါင်းကွဲ၊ ဖြစ်မြဲကျိုးကန်း
ပင်ပန်းစရာ၊ နာကျင်ပျက်စီး
ဖိစီးဒဏ်ရာ ဒုက္ခကြီး။

* ထိုမှတခြား
အိုင်းယားနာဝဲ၊ ကိုယ်လုံးစွဲ၍
ရွံရွဲစိစွတ်၊ မလွတ်စေရာ
အနူနာနဲ့ အနာကြီးရောဂါ
ဝင့်နာကံနှာ စွဲကပ်လာ။

* အသိဉာဏ်ထောက်
ရက်ကြောက်မရှိ၊ ပြုမိပြုရာ
လုပ်ဆောင်ကာပင် ၊ မဆင်မခြင်တိုး
လျင်စွာဘေးဆိုး ရောက်တတ်ရှိ။

* ကိုယ်ရေးကိုယ်တာ
ပိုင်ဆိုင်ရာများ
မင်းအာဏာနှင့်၊ ရှာဖွေပြစ်တင်
အမှုထွင်၍၊ ပြင်ဆင်မပြီး
ဘေးကြီးလျင်စွာ ရေ့ကာဆီး။

* ထိုမှတခြား
သူတစ်ပါးလုပ်
မဟုတ်တရုတ်၊ အရှုပ်ရှုပ်နှင့်
သမုတ်စွပ်စွဲ၊ အမြင်လွဲခဲ့
ကဲ့ရဲ့ယိုးမှား ဝိုင်းစော်ကား။

* မိသားစုဘဝ
မိဘလင်မယား ၊ သမီး သားဆိုး
ဆွေမျိုးဉာတိ၊ ဆရာတပည့်များ
အားကိုးလောက်သူ၊ တလူလူသည်
အရှည်မမြဲ၊ အလွဲလွဲနှင့်
သေကွဲရှင်ကွဲ ခွဲခွာမြဲ။

* စားဝတ်နေခရီး
ဘဝကြီးမှာ၊ ပစ္စည်းဥစ္စာ
ရှာကြံမရ၊ မဝတေ်မွတ်
ဖွတ်ကျောပြာစွဲ၊ လွန်ဆင်းရဲ၍
ဝဲကြီးသောက မွဲမွဲတည်း။

* ကိုယ်ပိုင်ဆိုင်ရာ
ဥစ္စာစီးပွား၊ ပျက်ပြားကုန်ဆုံး
တစ်အိမ်လုံးပြောင်
ဟုန်းဟုန်းမီးလောင်

ခိုးသူဆောင်ယူ၊ ကယ်တင်သူရှား
ရန်သူမျိုးငါးပါး အန္တရာယ်များ။

* အဆုံးစွန်တွင်
သေလွန်သော်လည်း၊ ငရဲအပါယ်
ရောက်ဖွယ်ဆိုးဝါး ၊ ဒုက္ခများနှင့်
ထူးခြားသိစွာ၊ ကြုံရမှာကို
ယုံပါလေလော့၊ ယုံကြည်လော့။

* သံသရာဘဝ၊ လူဖြစ်ရစဉ်
ပုထုဇဉ်မှာ၊ မဆင်မခြင်
ခင်ပွန်းကြီးဆယ်ပါး၊ တစ်ပါးပါးအား
ပြစ်မှားတော်ကား၊ ရိုင်းပျထားမိ
တွေ့ရှိခံစား၊ ဒဏ်ဆယ်ပါးက
အများဘဝများစွာ သံသရာ။ ။

❖ ❖ ❖ ❖

## ပါရမီတော်ဆယ်ပါး

* အသင်္ချေကာလ
ဘဝများစွာ၊ သံသရာဝယ်
နိုင်မာစွဲချည်၊ ပါရမီဆယ်ပါး
ဖြည့်ဆည်းပွားလျက်
ဘုရားမြတ်စွာ ဧောဗုဒ္ဓါ။
သုံးလောက၏ ကိုးကွယ်ရာ။

* စည်းစိမ်ဥစ္စာ
အင်္ဂါခြေလက်
ပေးဆက်စွန့်လှူ၊ မငြူစူတမ်း
ကြည်ဖြူစိတ်ဝမ်း၊ ပေးကမ်းစွန့်ကြဲ
စဉ်မြဲထာဝရ၊ လှူဒါန်းကြမည်
ပြည့်ဝပါသည့် **ဒါနပါရမီ . . .။**

* ဖြူစင်စိတ်ထား
ကံငါးပါးလုံ၊ ရှစ်ပါးစုံအောင်
ခြုံငုံပြည့်ဝ ၊ ဆယ်ပါးရစေ
မှူဝေစောင့်ထိန်း၊ ဆောက်တည်ငြိမ်းချမ်း

ရှင်လန်းကြံ့စည်၊ ခိုင်ကျည်ညီမျှ
တည်ကြပါသည် **သီလပါရမီ . . .**။

* မကောင်းမှုမှ
ဝေးစွာရှောင်ကြဉ်၊ သံယောဇဉ်ကင်း
ထင်လင်းစေရာ၊ မြို့ဝနာသို့
ထွက်ခွာကျင့်ကြံ၊ နိဗ္ဗာန်မျှော်တာ
အေးချမ်းကြသည် **နိက္ခမပါရမီ . . .**။

* လောကီ ပညာ
လောကုတ္တရာတရား၊ သင်ကြားပို့ချ
ညွှန်ပြလမ်းကောင်း ၊ မတိမ်းစောင်းသွား
အများကောင်းကျိုး ၊ သယ်ပိုးဆောင်လာ
ငြိမ်းအေးသာသည် **ပညာပါရမီ . . .**။

* ရည်ရွယ်မှန်းရာ
မျှော်လင့်ရာကို၊ ရလာလိမ့်နိုး
အားသွန်ကြိုးပမ်း၊ ယုံကြည်စွမ်းအင်
အောင်ပန်းဆင်၏၊ ထင်မြင်တိကျ
ဇွဲလုံ့လသည် **ဝီရိယပါရမီ . . .**။

* နိုင်လိုမင်းထက်
အောင်ပွဲဆက်ချင်၊ နှိပ်စက်စော်ကား

နိမ့်ချထားမှု၊ သည်းခံမှုဖြင့်
ရန်သူ့အမုန်း ၊ ပျက်ကြွေပြုန်းလိမ့်
ရှုံးနိမ့်ပြန်သည် **ခန္တီပါရမီ. . .**။

* မှန်သောစကား
ပြောဆိုငြားက၊ ပရမတ္ထ
မှချအောင်မြင်၊ အဓိဋ္ဌာန်ပင်
ထင်မြင်သိလာ၊ နိုင်မြဲတာရှည်
မယိုင်လဲပါသည် **သစ္စာပါရမီ. . .**။

* စိတ်ဓာတ်မြဲမြဲ
ကြံ့ကြံ့ခံ၍၊ နိုင်မာမှန်ကန်
ဆောက်တည်ရန်နှင့်၊ စိတ်အကြံအောင်ရေး
ရှက်ဆောင်ပေးပြန်၊ ယုံကြည်ရန်သည်
အားမာန်စွမ်းရည် **အဓိဋ္ဌာန်ပါရမီ. . .**။

* နှလုံးသားဖြူစင်
ကရုဏာရှင်သာ၊ သတ္တဝါများ
ကောင်းစားစေချင်၊ ချမ်းသာချင်စိတ်
ယှိုဖိတ်ကျလာ
ချစ်ခြင်းဖြာဝေ၊ ကမ္ဘာမြေအနှံ့
ဆွတ်ပျံ့စေရာ၊ အကြင်နာများ
စာနာနားလည် **မေတ္တာပါရမီ. . .**။

※ လမ်းကြောင်းမှန်၌
ဘက်မလိုက်ကြ၊ မျှတစွာကျင့်
ရှောင်သင့်ဆောင်သင့်၊ နှိုင်းချိန်ချင့်၍
ကိုယ်နှင့်ယှဉ်ထား၊ ရန်သူများစွာ
ရှောင်ရှားဝေးရာ၊ လျစ်လျူရှုပါမည်
သူ့ထက်သာသည် **ဥပေက္ခာပါရမီ** . . .။

※ ပါရမီဆယ်ပါး
ဤတရားကို၊ လေးစားလိုက်နာ
ကျင့်ကြံကာဖြင့်၊ ချိန်ခါသင့်ရာ
ယုံကြည်စွာဖြင့်၊ လေ့ကျင့်လှူဒေါ်
အလောင်းတော်တို့သာ
ကျင့်သော်ကေန်၊ မြတ်နိဗ္ဗာန်သို့
အမှန်မုချ၊ ရောက်ခဲ့ကြပြီ
လူ့ဘဝသည်၊ သံသရာရှည်တိုင်
ယုံကြည်အားကိုး၊ ဆောက်တည်ကြိုးစား
နှလုံးသားမှာ၊ ဘုရားတည်ထား
ပွားများလိုက်နာ၊ ကျင့်ကြံပါသော်
ကောင်းကျိုးပေါ်မည်
သူတော်ကောင်းတရား ပွားဝေစည် . . .။ ။

❖ ❖ ❖ ❖

## ဆန့်သောလက် မကွေးစီ
## ကွေးသောလက် မဆန့်စီ

* လူဆိုသည်ကား
မွေးဖွားခြင်းနှင့်၊ သေခြင်းတရား
အချိန်ကြားဝယ်၊ လှုပ်ရှားရုန်းကန်
လောကဓံမှာ၊ ကံစီမံရာ
သံသရာတွင်း၊ ပြန်လာရင်းလှည့်
အမှည့်တဝင်းဝင်း၊ အကင်းတဖြိုက်ဖြိုက်
ကြွေလိုက်ဝေလိုက်၊ လွင့်မျောလိုက်ဦး
ရှုံးလိုက်နိုင်လိုက်၊ လှုပ်ရှားခိုက်မှာ
မိုက်မဲဒဏ်ချက်၊ လျှပ်တစ်ပြက်မျှ
ပျက်စီးတဒင်္ဂ ၊ သင်္ခါရသာ
အနိစ္စသဘော၊ ဒုက္ခတောက
လောဘဒေါသ၊ မောဟခရီးလမ်း
ခက်ထန်ကြမ်းလာ၊ နွမ်းသံသရာမှာ
ဝေဒနာသောင်ကမ်း လွမ်းဝက်ပါ. . .။

* ကွယ်. . .သမုဒယပင်လယ်
အပြောကျယ်စွ၊ တိဒုက္ခဖြင့်

ပရိဒေဝတွေ၊ ကင်းလွတ်စေသား
စိန္တေမြတ်ဘုရား၊ တိုင်တည်ထားကာ
သုံးပါးရတနာ၊ ဆည်းကပ်ပါလော့
ဂါရဝတရား၊ နလုံးသားက
ပွားများလုံ့လ၊ သဒ္ဓါရအသိ
ဝိပဿနာ၊ ရှုမှတ်ခါသာ
ဘာဝနာတရား၊ ကျင့်ကြံအားထုတ်
နောက်ဆုတ်မရ၊ ဒုက္ခ သုက္ခ
အနိစ္စဝေဒနာ၊ သိမှတ်ပါလော့
ရလာခဲစွ၊ ဒုလ္လဘလေ
ဓမ္မဒေသနာ၊ အဖြေရှာပါ
ဘာသာ သာသနာ
အလင်းရောင်ဖြာမည်
ချမ်းသာရွှေပြည် နိဗ္ဗာန်ဆီ…။ ။

(သမိုင်းမေတ္တာဝါဒီဆရာတော်ကြီးထံ ရောက်ရှိဖူးမြော်ခဲ့စဉ်)
(၆-၉-၂၀၀၆)

❖ ❖ ❖ ❖

## ဂါရဝ ကန်တော့ဝန်း

* အမျိုး ဘာသာ သာသနာ
ရောင်ဝါထွန်းသစ်
မွေစစ်ဖြင့်၊ ဆန်းသစ်ဟောကျူး
နာဖူးထပ်မံ၊ နတ်ထံတင်ရာ
ကောင်းရာညွှန်လစ်၊ မကောင်းမြစ်တာ
မေတ္တာတရား၊ လက်ကိုင်ထား၍
တိုင်းခြားပြည်ရွာ၊ နိုင်ငံတကာမှာ
ဆရာဒါယကာ၊ ညီညာစွာဖြင့်
သာသနာအလင်း၊ ထိန်ဝါဆင်းသန့်
မိုးလုံးနှံ့လေ၊ ဆွတ်ပျံ့စေချင်
အရှင်သူမြတ်၊ စွဲမှတ်ယုံကြည်
ကမ္ဘာတည်တိုင်
ခိုင်ကျည်စိတ်ဓာတ်၊ ရစ်နှောင်ပတ်၍
မြင့်မြတ်နှလုံးသား၊ စကားစေတနာ
အကြင်နာတရား၊ မုဒိတာပွားနေ
များဝေနေယျာ၊ နားလည်စေရာ
မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်

ခင်မင်နှုတ်ချို၊ လိုလျှင်ဖိတ်ထား
တတ်အားလှူစေ၊ ဝတ်ငါးထွေဖြင့်
ပြုနေဒါယကာ၊ ပီသစွာလျှင်
ရင်မှာထာဝရ၊ ဂါရဝဖြင့်
မာန်ချကြည်ညို၊ ဦးညွတ်လိုသည်
ကုသိုလ်လမ်းစဉ်၊ မော်ကွန်းတင်ရစ်
အသွင်သစ်ဥဒါန်း နိုင်စေသောင်. . . ။

(သာသနဓဇ၊ မဟာစရိယ သီရိမင်္ဂလာ ဦးဝါသေဌ B.A (Burmese)
ခေတ္တ- ENGLAND သို့)

❖ ❖ ❖ ❖

## စုန်ရေ . . . ဆန်ရေ စိမ့်စမ်းရေ . . .

* အရွယ်လွန်လည်း
မကွယ်လွန်ချင်၊ နယ်မကျွံခင်
ကျိုးနွံထာဝရ၊ ဂါရဝဖြင့်
မိဘတို့ရဲ့ တုံ့လှည့်တာဝန်
ကျေပွန်ဝတ္တရား၊ ကျေးဇူးတရားတွေ
ထားရှိနေပြန်၊ အားပြည့်လေဟန်
စုန်ရေအားမာန်
ဆန်ရေမာန်အား
အပြန်အသွား၊ ခံစားမှုတူ
ပြုသူအသစ်၊ ဖြစ်သူအဟောင်း
အချိန်မနှောင်းသေး
ကြွေးဟောင်းဆပ်ပေး
ကြွေးသစ်ချလေ
ရွှေအိုးမြှုပ်နှံ၊ လောကခံမှာ
သံသရာဆိုတာ ရှိတယ် . . . ယုံ . . .။ ။

(အနှိုင်းမဲ့ကျေးဇူးရှင်များ ဖြစ်ကြသော (ဦးမျိုးမြင့်) ဒေါ်အေးတင်တို့အား ရည်စူးအမှူးထားလျက်) (၁၂-၃-၁၉၉၅)

❖ ❖ ❖ ❖

## မြင်းမိုရ်ဦးသို့ကန်တော့ပန်း

* မွေးသဖခင်
ကျေးဇူးရှင်သည်
အသွင်မပြောင်း၊ ရွှေငွေလောင်းဆင့်
ကောင်းသင့်ကောင်းရာ၊ ရတနာထပ်
လာဘ်လာဘတို့၊ အကျိုးမျှော်ကိုးကာ
မြင့်တိုးရာထူး
ယစ်မူးမော်ကြွား၊ ထောင်လွှားပျော်မွေ့
ဘဝမမေ့အောင်၊ တွေ့မရှောင်ဟု
စွမ်းဆောင်သမှု သူ မပြုခဲ့ . . .။

* လောကစံတွင်
ကံသာအလုပ်၊ အမှန်ဟုတ်ထင့်
မဆုတ်မနစ်၊ တွေးဆရစ်လောင်း
အသစ်အဟောင်း၊ အကြောင်းရင်းခံ
ဆုံးဖြတ်ကြံစည်၊ များကျိုးရည်ထား
အမြင်ကြည်ပြတ်သား၊ ရှက်ဆောင်သွားခဲ့
သားတို့သခင် . . အို . . ဖခင် . . .။

* ဩော်‥သံသရာတစ်ဖန်
လည်ပတ်ရန်ခရီး၊ ဉာဏ်နှင့်စည်းတား
သူပိုင်းခြား၍၊ အနားယူကာ
ဘဝတာတွင်၊ သစ္စာလေးဖြာ
ဒေသနာကို၊ သေချာစေ့ငှ
နာယူမှုက၊ တွေးရှုစုံစွ
သမထမြတ်၊ ဝိပဿနာ
သိမှတ်ရာမွေ့၊ ကျင့်စဉ်တွေနိုင်
မကွေ့မယိုင်၊ သက်ဆုံးတိုင်အောင်
စွဲကိုင်ကိုယ်ကျင့်၊ ဉာဏ်ကိုဆင့်၍
အမြင့်သို့မှန်း၊ မြတ်စခန်းဆီ
ငြိမ်းချမ်းပန်းတိုင် လှမ်းနိုင်ပြီ။ ။

(သူငယ်ချင်း ရောနိုင်၏ ဖခင်ကြီးသို့ အလွမ်းအမှတ်တရ)
(၉-၄-၂၀၀၄)

❖ ❖ ❖ ❖

# နှင်းတုလို့ဖြင့် မဓိဝါနိုင်

* "မကောင်းမြစ်တာ
ကောင်းရာညွှန်လတ်၊ အတတ်သင်စေ
ပေးဝေနိုးရင်း၊ ထိမ်းမြားခြင်းလျှင်
ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ"
မှန်ကန်စွာလေ၊ သံသရာမြေမှာ
ကံကြမ္မာဝေစု၊ အခြေပြုပေ
နှင်းတုမဲ့နေ၊ သံယောဇဉ်တွေက
မိဘရဲ့တာဝန် အဆုံးစွန်ကျေ…။

* ဘဝတစ်ခု
တည်ဆောက်မှု၏၊ မိသားစုအရေး
ဦးဆောင်ပေးခဲ့၊ အတွေးအမြင်
ဆင်ခြင်အသိတရား
ပဲ့ကိုင်ထားနေ၊ လမ်းညွှန်စေစား
သားတွေအားရှိ၊ စွမ်းအားပြည့်လို့
အမိရင်ခွင်၊ အလှဆင်ရင်း
အောင်မြင်ခိုင်မာ၊ ပေးဆပ်လာနေ
မေတ္တာရောင်ပြန် အလျှံဝေဝေ…။

* ခုတော့လည်းနော်၊ ပျော်ရွှင်စရာ
မိသားစုကမ္ဘာမှ၊ ရောင်ခွာပြေးရပ်
အမှတ်မထင်၊ မယုံချင်စရာ
ဝေးရာပြေးထွက်၊ ရုတ်တရက်မှာ
နှုတ်မဆက်သာ၊ နစ်ရှည်ကြာလည်း
အစဉ်သာထာဝရ၊ တသသနဲ့
တမ်းတမှန်းမပြေ၊ လွမ်းပွင့်ကြွေဆဲ
တင်နေကျေးဇူး၊ ရှိခဲ့ဖူးသည်
ရည်စူးလှူဒါန်း၊ ဒါနပန်းလေ
မျှော်မှန်းဆုခြွေ၊ မေတ္တာဝေမျှ
ဖြစ်လေရာဘဝ၊ ဘုံဌာနက
ပြုကြပေါင်းစု၊ ကုသိုလ်မှုတွေ
သာစုခေါ်နိုင်ပါစေ ကျေးဇူးရှင်ဖေဖေ ...။
အမျှ.. အမျှ.. အမျှ ထာဝရဝေ ...။ ။

(၃၁-၁-၂၀၀၀)

❖ ❖ ❖ ❖

## မွေးမေမိခင် ထာဝစဉ်

* မွေးမေမိခင်
မြေအသွင်ဖြင့်၊ အစဉ်သည်းခံ
လောကဓံကို၊ ပုံမှန်မရှုံ့
နောက်မတွန့်ဘဲ၊ ရဲဝံ့ပြတ်သား
အကြံများနှင့်၊ စီးသွားရေတင်
ကန်သင်းသွင်သို့၊ စီစဉ်ထိန်းလာ
စီမံကာဖြင့်၊ အိမ်ဗာဟီရ
ရှက်ဆောင်ရလည်း
အတွင်းကမီး၊ အတွင်းငြိမ်း၍
အပြင်ကမီး၊ အပြင်ငြိမ်းအောင်
စည်းကမ်းဘောင်နှင့်
စွမ်းဆောင်ပြတ်သား၊ ရပ်တည်သွားခဲ့
လေးစားလိုက်နာ၊ ဦးခိုက်ခါပင်
မာတာမွေးမေ အို··· မိခင် ···။

* ဩော်···
အခုတော့ကြွေ
အမေ·· အမေ··

မရှိတော့လေမှ၊ တမ်းတလာမိ
မှန်းဆကာကြည့်၊ လွမ်းလှပါဘိ
အမေ၏စည်းကမ်း
အမေ၏လမ်းစဉ်
အမေ၏ အကြင်နာ
အမေ၏ စေတနာ
မေတ္တာတန်ဖိုး၊ ဆထက်တိုးလာ
တန်ခိုးသစ္စာ၊ အကြင်နာကို
နာခံရိုကျိုး၊ လက်စုံမိုး၍
ရှိခိုးဦးချ ထာဝရပါအမေ . . .။ ။

(သူငယ်ချင်း ရောနိုင်၏ မိခင်ကြီးသို့ အလွမ်းပြေ)
(၂၉-၁၁-၂၀၀၅)

❖ ❖ ❖ ❖

## အာစရိယ ကန်တော့ပန်း

* ဆရာ့ဝတ်တွင်
အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ
သိပ္ပမချန်၊ ဘေးရန်ဆီးကာ
သင့်ရာအပ်ပို့၊ ဆရာတို့လျှင်
တို့ရဲ့ အနန္တကျေးဇူးရှင်···။

* စေတနာ၊ ဝါသနာ၊ အနစ်နာဖြင့်
နာသုံးနာပေါင်း၊ ဖယောင်းရုပ်သွင်
ထိန်းပြုပြင်ခဲ့၊ ချောက်လျှင်တစ်ကြော့
ချော့တစ်ကြော့သာ၊ ပျော့ပျောင်းသိမ်မွေ့
ဘဝမမေ့စေ၊ အလှပြည့်နေ
နေ့စဉ်ပုံလောင်း အိုးကောင်းတစ်လုံး···။

* ဆရာတို့လျှင်
ဖြူစင်နှလုံးသား၊ အပြုံးများနှင့်
သဘောထားမြင့်မြတ်၊ ကြည်ဖြူတတ်စွာ
စိတ်ဓာတ် ပြည့်ဝခဲ့ကြသည် ···။

* ဆရာတို့ကား
ရိုးသားဖြူစင်၊ မေတ္တာရှင်မို့
ကြည်လင်ထာဝရ၊ အာဃာတမဲ့
စာဂကောင်းမွန်ခဲ့ကြသည်···။

* ဆရာတို့မှာ
အနာဂတ်အင်အား၊ တပည့်များကို
ကောင်းစားလိုစွာ၊ မုဒိတာနှင့်
စေတနာ ဝေဖြာခဲ့ကြသည်။

* ဆရာတို့၏
တတ်သိပညာ၊ မျှဝေကာဖြင့်
များစွာသုတ၊ ကုံလုံကြစေ
စာပေ လေ့လာခဲ့ကြသည်···။

* ဆရာတို့က
ဘဝကြောင်းရာ၊ ပြဿနာများ
ကြုံလာခဲ့ရာ၊ ချိန်ဆခါဖြင့်
စစ်ကာ ဝေဖန်ခဲ့ကြသည် ···။

* ဆရာတို့လေ
စားဝတ်နေမှု၊ အခြေပြု၍
လူမှုထုံးတမ်း၊ မမေ့တမ်းပေါ့
စည်းကမ်း ကောင်းမွန်ခဲ့ကြသည်···။

* ဆရာတို့မှ
ဆိုးသူမိုက်သူ၊ လိမ္မာသူမခွဲ
အမြဲအပြုံး၊ အချစ်သုံး၍
စည်းရုံးနိုင်စွမ်း ရှိခဲ့သည်···။

* ဆရာတို့မာန်
သိပ္ပံဝိဇ္ဇာ၊ အနုပညာနှင့်
လေ့လာအားကစား
ဘက်စုံထားရန်
စံနမူနာပြ၊ ထူးချွန်ကြပြီ
စံပြ ဆရာဖြစ်ခဲ့သည်···။

* ခြေဘာ··
ဝတ္တရားကျေပွန်၊ တို့တာဝန်သည်
မွန်မြတ်ပီသ၊ တူညီကြမှာ
ညီညာထကြွ၊ ဆုံးမနာယူ
လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး
သင်တွေးအံ့ရွတ်၊ တပည့်ဝတ်တည်း
ဦးညွှတ်ရိုသေ၊ ပူဇော်နေမှာ
ရေမြေသံသရာ အဆက်ဆက်ကမ္ဘာ···။ ။

("စ" ရှစ်လုံးအစဉ်သုံး ကျင့်သုံးလိုက်နာ ပြည်သူ့ဆရာများသို့)

❖ ❖ ❖ ❖

# ဆန်ရေစစ်တမ်း(သို့မဟုတ်)သမုဒယသစ္စာကို သရုပ်ခွဲခြင်း

* တက္ကသိုလ်ရင်ခွင်
ရေတမာပင်အို၊ ကုံ့ကော်ပျိုသည်
ရိပ်ညိုကျွန်းမှာ၊ လှလွန်းစွာသော
မေတ္တာသီညွန်း၊ သစ္စာသွန်းဖွဲ့
လွမ်းခဲ့ကြသည်၊ နှစ်တာရှည်ကြာ
အာစရိယ၊ အမိအဖကို
ခယစုံညီ၊ ပူဇော်သည့်ပွဲ
ဆုံမည်မြဲသာ၊ တစ်နှစ်တစ်ခါနဲ့
မေတ္တာဆွဲလှဲ၊ ကန်တော့ပွဲသဘင်
ရင်ထဲရစ်ပတ်၊ တလှပ်လှပ်ပင်
အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ
သိပ္ပမချန်၊ ဘေးရန်ဆီးကာ
သင့်ရာအပ်ပို့၊ ဆရာတို့၏
ကျင့်ဖို့ဝန်တာ၊ မြတ်စေတနာလျှင်
ကြင်နာလွန်းသည်၊ တုနှိုင်းမမီသာ
သီတာရေမြေ မဆုံးနိုင်ပါ. . .။

* မဃဒေဝ

ဆိုဆုံးမ၏၊ ပညာပြည့်ဝ
နှလုံးလှသော်၊ ကိစ္စကြီးငယ်
ဆောက်သဖွယ်လျှင်၊ ကျင်းကျယ်ထွင်းဖောက်
ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာဟု
ရှေးရှုမေတ္တာ၊ ကရုဏာနှင့်
နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း
ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍
ကျိုးလိုစိတ်က
ဆုံးမတတ်သူ ဆရာဟူလော့ ။
လောကတစ်ခွင်၊ ပညာသင်ရင်း
အလှဆင်သူ ဆရာဟူလော့ . . .။
သောကဝေဒနာ၊ ကရုဏာဖြင့်
စာနာပေးသူ ဆရာဟူလော့ . . .။
အများကျိုးဆောင်၊ ကိုယ့်အကျိုးအောင်ဟု
ဆောင်ရွက်တတ်သူ၊ ဆရာဟူလော့ . . .။
ရှေးမူစာဆို၊ မှန်တိုင်းဆိုထား
ထိုစကားများသည်၊ ကာလရှည်အံ့
တည်တံ့ဖြတ်ထုံး၊ ကျင့်စံနှုန်းက
အဆုံးဘဝတိုင်၊ မရှုံးနိုင်ကြ
အပြုံးပိုင်ရချင်၊ မမှန်းနိုင်ဘဝသခင်

အနန္တစွမ်းအားရှင် ကျေးဇူးရှင်···။
သမုဒယသခင် ပဲ့ကိုင်ရှင်···။
ယခုဘဝတွင် ဖန်ဆင်းရှင်···။

* ခုတော့လည်းလေ···
တက္ကသိုလ်မြေမှ
အချိန်ကျ၍ နီးထပြေးထွက်
အတောင်အလက်စုံ၊ ခက်လက်စုံစွာ
လူ့ဘုံခန်းဝါ၊ လှုပ်ရှားလာနေ
ဘဝလေပြည်၊ ရေရှည်ကြည်လင်
ပီပြင်ခိုင်မာ၊ ရပ်တည်လာစေ
ပညာအမွေပေး၊ လောကရေးတွေ
မျှော်တွေးရှုမြင်၊ ဆင်ခြင်သရုပ်ခွဲ
ရင်ထဲစွဲမှတ်၊ ဦးဆောင်တတ်စေ
ဆုံးဖြတ်အောင်မြင်၊ တိုက်ပွဲဝင်ဟု
လူမှုဝန်းကျင် အလုတန်ဆာဆင်···။

* အို····
တက္ကသိုလ်လွမ်းချင်း၊ ဘဝပန်းခင်းပင်
ဘွဲ့နှင်းသဘင်၊ သစ်ပုပ်ပင်လား!
ဂျပ်ဆင်အင်းယား၊ စိန်ပန်းများ၏
အဓိပတိလမ်း၊ ကံ့ကော်နန်းတော်

မှန်းဆပျော်ကြ၊ မျှော်တလွင့်မျော
ပန်းစုံတောမှာ၊ ဥညြအော်သံ
လွမ်းကာရန်လေး၊ ဖန်ဆင်းသီကြွေး
ရွက်ကြွေလေးတွေ၊ ဝေးလွင့်နေစေ
ချွေနေဝေနေ၊ ဖူးသစ်တွေဖြာ။
တက္ကသိုလ်ာ ပန်းဝက်ပါ···။

* ဩော်···အမိရင်ခွင်၊ ပြန်ခိုဝင်လာ
ရင်မှာထာဝရ၊ အစဉ်သာဂါရဝ
မင်္ဂလာအလှုတရား၊ ပိုင်စိုးထားသည့်
ဆရာများ၏၊ ကြီးမားကျေးဇူး
ဆပ်ခွင့်ထူးကို၊ ကြုံဖူးသည်နိုက်
ပေးဆပ်ထိုက်စေ၊ လေးမြတ်လိုက်လေ
ရင်၌တည်စေ၊ တာဝန်တွေကျေ။
စုန်ရေ ဆန်ရေ စိမ့်စမ်းရေ ···။ ။

[၃၁-၁၂-၂၀၀၆ ရက်နေ့ (၁၂)ကြိမ်မြောက်၊ စီးပွားရေးတက္ကသိုလ်
အာစရိယပူဇော်ပွဲကြီးသို့]

❖ ❖ ❖ ❖

## အလွမ်းလက်ကျန် ရှင်းတမ်း

* တက္ကသိုလ်မြေမှာ
တစ်နေ့တစ်ခါ၊ ဆုံတွေ့လာကြ
အာစရိယ၊ ဂုဏပူဇာ
ရင်မှာဂါရဝ၊ ကန်တော့ကြချိန်
ဆုံရချိန်မှာ၊ အချိန်လည်းမေ့
အိမ်လည်းမေ့ပုံ၊ ပြောမကုန်သေး
တွေ့ကြုံဆုံရ၊ လွမ်းမဝဘူး
တမ်းတနေကြ၊ ငယ်ဘဝတွေ
အမှတ်ရနေဆဲ၊ ဖြူစင်မြဲနော်
ရင်ထဲမှာပျော်၊ နှောင်းရိပ်ပေါ်နေ
ကံ့ကော်ရနံ့တွေ သင်းပျံ့နေဆဲလေ···။ ။

❖ ❖ ❖ ❖

## အာစရိယ ဝုဏော အနန္တော

*　အာစရိယ
ဂုဏပူဇာ
ဆရာ့ဆရာများ၊ ညွှတ်တွားကော်ရော်
ပူဇော်ကြတာ
မြကျွန်းသာယာ
တက္ကသိုလ်မှာ ...။

*　ငယ်ဘဝပုံရိပ်
အတိတ်ရက်များ
ဝယ်လိုအား ရောင်းလိုအား
ဈေးကွက်စီးပွားအတွင်း
အစမ်းရှင်းတမ်း
လက်ကျန်ရှင်းတမ်းများနဲ့ နပန်းလုံး
ရှေ့ခရီးအဆုံးမှာ၊ ပြုံးပျော်နိုင်ရန်
ရင်းနှီးမြှုပ်နှံရာ၊ ပညာသင်ခရီး
စာရင်းဇယား လေ့ကြီးစီးလို့
ပဲ့ကိုင်ပြီး ချွေးဒီးဒီးကျခဲ့တာ

ကျော်ဇေယျာလှိုင် (စီးပွားရေးတက္ကသိုလ်)

စီးပွားရေးပညာရှင်
ဆရာသခင်တွေပါ။

* သင်ဆရာ
မြင်ဆရာ
ကြားဆရာ
အာစရိယဆရာ၊ မူကြိုက ဆရာ
အီကိုကဆရာ၊ ကြည်ညိုစရာအမှန်
ဒဏ်ပေးခဲ့တာ၊ အကြံပေးခဲ့တာ
သင်ပေးခဲ့တာ၊ ယှဉ်တွေးခဲ့တာ
မှန်းဆခဲ့တာ၊ လမ်းပြခဲ့တာ
ကမ်းလွန်တဲ့အခါ၊ လမ်းညွှန်ခဲ့တာ
အမွန်မြတ်ဆုံး မှဒီတာ
အီကိုရင်ခွင် ပမာနှိုင်း
သမိုင်းထင်ခဲ့တာ မဂ်လာပါ …။

* စေတနာ၊ ဝါသနာ၊ အနစ်နာ
အကြင်နာ၊ ကရုဏာ၊ အစာအိမ်နာ
ထင်သာမြင်သာ၊ ရင်မှာအစဉ်သာ
ယှဉ်လာရစ်ပတ်၊ ပဲ့တင်ထပ်စွာ
တလှပ်လှပ် လှုပ်ခါဆဲပါဆရာ …။

* သားတပည့်
သမီးတပည့်တို့အမှန်
ကာယကံ၊ ဝစီကံ၊ မနောကံ
ဆံခြည်တစ်မျှင်၊ မြူတစ်မှုန်ပင်မျှ
မပြစ်မှားခဲ့ကြ၊ ယုံကြည်ကြလည်း
ပုထုဇဉ်သဘာဝအမြဲ
မိုက်မဲအပြစ်မမြင်
မဆင်ခြင်မိ
တင်ရှိအပြစ်ကြွေး၊ ခွင့်လွှတ်ပေးရန်
ဦးခေါင်းဆံကျွတ်၊ ထွတ်တင်ရှိကျိုး
လက်စုံမိုး၍၊ ရှိခိုးကန်တော့ကြပါ၏…။

* ဆရာတို့၏၊ ပီတိဝေဒနာ
အပြုံးဒေသနာ၊ အဆုံးစေတနာ
တည်နေရာဝယ်
အရှယ်လွန်လာ၊ နယ်မကျွံသာ
မကွယ်လွန်စေရာ၊ ဇရာပိုင်စိုး
ခွန်အားတိုးကာ၊ ကျန်းကျန်းမာမာ
အမျိုးဘာသာ၊ သာသနာအကျိုး
ဆထက်တိုး၍၊ သယ်ပိုးနိုင်စေ
ဆုခိုင်နေမြဲ

ရင်ထဲအစဉ်စွဲ၊ ဆင်နွှဲချင်ဆဲ
တပည့်တွေရဲ့ ကန်တော့ပွဲ။
တစ်နှစ်တစ်ခါ မပျက်နွှဲ…။ ။

❖ ❖ ❖ ❖

## ထာဝရဒေဝ် အဝိုင်ခြုံ

* အခါအခွင့်
ကြိုမျှော်လင့်သလို
ကြုံသင့်အရေး၊ မရောက်သေးချိန်
အတွေးအိမ်ထက်၊ ရည်မှန်းချက်များ
လွင့်ပျက်ရောင်လွှဲ၊ ရှက်ဆောင်ဆဲကို
သဲထဲရေသွန် ကျွံနေသလို…။

* အခါအခွင့်
အချိန်သင့်၍
ကြုံလင့်တိုက်ဆိုင်၊ မျှော်လင့်နိုင်ပြန်
ကံဉာဏ်ဝီရိယ၊ လုံ့လအားကိုး
ဆတက်ထမ်းပိုး၊ အားသွန်နှိုးဆော်
ခွန်အားပေါ်တိုး၊ မျှော်ကိုးစွမ်းအင်
တတ်ကျွမ်းကျင်စွာ၊ ဆင်ခြင်ကြိုးစား
ဇွဲမာန်များထုတ်၊ နောက်မဆုတ်သွား
လှုပ်ရှားရင်ဆိုင်၊ ကြံ့ကြံ့ခိုင်၍
အောင်နိုင်စိတ်ဓာတ်၊ ဦးဆောင်တတ်မှ

ကွက်လပ်ဖြည့်ရာ၊ ဆန္ဒပါမည်
ဖြစ်လာလိမ့်မည် ဖြစ်လိုသည့်အတိုင်း…။ ။

❖ ❖ ❖ ❖

## ရှုဆိုသည်မှာ

* လောကကြီးမှာ
လူလိမ္မာကား
သူတကာမှားတာ
ဆင်ခြင်ကာဖြင့်
သင်ခန်းစာယူ အောင်လံထူ…။

* လူမိုက်သည်ကား
ကိုယ်တိုင်မှားမှ
နှောင်းနှောင်တနဲ့
သောကပွေ့ရ ဗျာပါဒ… …။

* ထိုသူတို့ထက်
မိုက်တွင်းနက်သူ
ပျက်စီးသူကား
သူတကာအမှား
ကိုယ်တိုင်မှားလည်း
မှားမှန်းမသိ
အမှန်မသိနဲ့

အတိဒုက္ခ
မရနှောင်တာ
သောကအပူတိုး အဖြစ်ဆိုး။
ဘဝနေညှိုး ကမ္ဘူးရှူးထိုး…။ ။

## အဿေဝနာစ ဗာလာနံ

* **ရှေးကမိန့်ထား**
**ဆိုစကားမှ**
**ဂဏန်း ပုတ်သင်၊ ဝါးပင် လိပ်မျိုး**
**နွားသိုး ခွေးအ၊ ဤခြောက်ဝ**
**လူတွင် မပေါင်းရ...။**

* **ဂဏန်း** ဟူကား
မသွားရှေ့က၊ နောက်ကမလိုက်
ဘေးတိုက်လိုက်ကာ၊ ကန့်လန့်ပါရင်း
ခွစာတိုးကြိတ် အရှုပ်လွယ်အိတ်...။

* **ပုတ်သင်** ဟူသည်
ကောင်းသည်ဆိုးသည်၊ ဤနှစ်လီကို
ယုံကြည်မသိ၊ အချိန်ပြည့်သာ
ကြုံသည့်နေရာ၊ ခေါင်းညိတ်ထားဝရ
လာသမျှအမှန် အစဉ်ထောက်ခံ...။

* **ဝါးပင်** တွေမှာ
လေယူရာတိမ်း၊ ရောယောင်ယိမ်းကာ

မိုန်းလိုက်ပါရင်း၊ သာလျှင်တွဲလာ
နာလျှင်ခွဲခွာ၊ အချောင်ရှာထား
သာပေါင်းညာစား ကပ်ခွာများ…။

* **လိင်မျိုး** စဉ်ဆက်
ကိုယ့်ဘက်ကိုယ်ယက်
ကိုယ်ကျိုးတွက်ကြ
လောဘတက်စွာ၊ သောကရမ္မက်ဖြာ
ဘေးဘယ်ညာမကြည့်၊ ကိုယ့်အောက်ရှိဖို့
ကိုယ့်ဖို့ချည်းကြံ တစ်ကိုယ်ကောင်းဆန်…။

* **နွားသိုး** ဟူက
ချိုသွေးပြ၏
ဒေါသစိတ်ကြမ်း၊ တဇောက်ကန်းသွား
အမှားအမှန်၊ မဝေဖန်တမ်း
မျက်ကန်းလမ်းဆိုး တစ်ရှူးထိုး… ။

* **ခွေးအ** သည်ကား
စားဖို့သာကြည့်
အသိတရားမရှိ၊ ပျင်းရိထုံနှ
အသုံးမကျ၊ မိုက်မဲလှစွာ
သုတဝေးကွာ အုပ်စုဖွဲ့ကာ…။

* ငြော် . . . . .
အကျင့်သီလ၊ ဗီဇမကောင်း
စရိုက်ပြောင်းပြန်၊ မှုမမှန်ကြ
ဖောက်ပြန်အလေ့ထ
စံနမူပြသလို
လောကလူသား၊ ဤစိတ်ထားဟန်
ရှိနေပြန်က၊ ဆက်ဆံစာရိတ္တ
ရှောင်ကြဉ်မှသာ၊ နှောင်ကြဉ်ကြမှာ
ပြောရသည်မှာ၊ တွေးစမ်းပါဦးမိ့ . . . ။
သောကကြည်သာ၊ ဘေးလုမ်းကွာလိမ့် . . . ။
လောကပြည်ရွာ အေးချမ်းသာငြိမ့် . . .။ ။

(မေ့ပဒနှင့် လောကနီတိမှတ်စုများကို လေ့လာဆန်းစစ်ခြင်း)

❖ ❖ ❖ ❖

## လူလေးမျိုး

* **သူသည် မသိ**
**မသိကြောင်း၊ မသိ. . .**
ဆိုးသည့်လူမိုက်
ဒုစရိုက်လေ
ရှောင်လိုက်ဝေးရာ၊ မပေါင်းပါနှင့်
ပညာမဲ့ဘိ အန္တရာယ်ရှိ. . .။

* **သူသည် မသိ**
**မသိကြောင်း၊ သိ. . .**
ရိုး၏ အဓိ
ပကတိသာ
စောင့်ကြည့်လမ်းပြ၊ ကူညီကြ၍
ဖေးမကူနော် လက်တွဲခေါ်. . . ။

* **သူသည် သိ၏**
**သိကြောင်း၊ မသိ. . . .**
တုံ့ထိုဘာဝေ
အိပ်ပျော်နေသူ

တွေ့ဝေသူမျိုး၊ တွန်းလှုပ်နှိုးပါ
ကောင်းဆိုးဝေဖန် အကြံပေးရန်··· ။

※ **သူသည် သိ၏**
**မသိကြောင်း သိ···**
**သိကြောင်း သိသည်**
ပညာရှိပါ
မဟာကဝိ
ကျိုးကြောင်းညှိသွား၊ ဆည်းကပ်ထားလော့
လေးစားထာဝရ၊ ဦးနှိမ်ချ၍
သူ့လမ်းပြရာ၊ လှုပ်ဆောင်ပါလေ
သာယာစိုပြည် ဘဝအထွေထွေ···။ ။

(ဆရာအောင်သင်း၏အမှေ့သို့)

❖ ❖ ❖ ❖

## မြား နှင့် အား

* လေးနှင့်မြား၏
ပကာတိအသွင်၊ ကြည့်မြင်သုံးသပ်
ဆုံးဖြတ်လေ့လာ အဖြေရှာလျှင်…။

* မြား၏ ထိချက်
အားပြည့်ဖြည့်စွက်
တည့်မတ်ဖြောင့်မှန် သန္နိဋ္ဌာန် …။

* လေးကြိုးကိုင်းညွတ်
နှိုင်းတုလွတ်ကင်း
တောင့်တင်းတည်နေ အားအမြဲတော…။

* စူးရှချွန်ထက်
မြားတစ်လက်ရဲ့
အချက်အချာ
လေးညှို့မှာလေ…။

* လေးတော်တင်ရပ်
ပစ်မှတ်ကိုချိန်၊ အာရုံ ငြိမ်ရင်း
အရှိန်ပြင်းစေ၊ ပစ်ခွင်းလေလျှင်…။

*　မလျှော့မတင်း၊ လေးကြိုးညှင်းရန်
မာန်သွင်းအားတင်း၊ ခွန်အားရင်း၍
ခပ်ပြင်းပြင်းဆွဲ၊ ငွဲစိတ်ရဲမှ
ပူးတွဲအားဖြစ်၊ မုန်တိုင်းသစ်ပမာ
ထစ်ချုန်းကျော်ဖြတ်
အောင်ပွဲပတ်လည်
မြင့်မြတ်နိုင်ကျည်၊ ပြိုင်စံမမီ ---။ ။

(ဆရာဖေမြင့်၏ အားပြင်းတဲ့မြားတစ်စင်းသို့)

(၁-၅-၂၀၀၆)

❖ ❖ ❖ ❖

## အောင်သပြေ

* သပြေရွက်တွေ
ခက်လက်ဝေဆာ၊ ပင်ယံမှာလေ
ရွှေရည်ရောင်လျှံ စိမ်းလဲ့နေ ---။

* သပြေခက်လျှင်
စိမ်းရွက်လွှင့်နေ၊ မာနတွေဆင့်
လေအပင့်မှာ၊ ဝေလွင့်လူးလာ
ယှိမ်းနွဲ့ပါလျက်၊ ညီညာမြရွက်
နိုင်နိုင်ဆက်နေ၊ ပိုင်ဆိုင်လျက်လေ
တွဲလက်ယှက်စေ ခွဲမထွက်ပေ . . .။

* သပြေ၏မာန်
ရွှေ၏သဏ္ဍာန်၊ သိမ်မွေ့ဟန်ပေ
မိုးဒဏ်လေဒဏ်၊ နှင်းခါးဒဏ်များ
ကြံ့ခံအားမာန်၊ မြဲမြံမြံအောင်
ဇွဲမာန်စွမ်းရည်၊ အလှပန်းချီထင့်
ကြည်သာတင့်ဆန်း၊ အေးငြိမ်းချမ်းစွာ
စိမ်းလန်းဝေဆာ၊ ရွှေပဒေသာ . . .။

◈ အောင်သပြေကား
စိန္တေဘာရုံးမှာ၊ ခံ့ညားရိပ်နို
အလှစိုပြည်၊ မြတ်ကွက်မြေသာ
လိုနေဆန္ဒ၊ ပြည့်စုံကြဟု
မြသပြေနှ၊ ငွေခရုနဲ့
တောင်းဆုကိုခြွေ၊ ဆုဆိုနေသယောင်
အောင်စေ ပိုင်စေ နိုင်စေအောင် ...။

(၂၁-၉-၂၀၀၅)

❖ ❖ ❖ ❖

## ခရေဝေဒနာ

* ခရေပွင့်တွေ
ကြွေလွင့်နေတယ်၊ လေသင့်စေကွယ်
ဝင့်ထည်သင်းပျံ့ မွှေးရနံ့သာ
ခင်းဖြန့်ကြိုင်လာ ကြည်ဖြူစွာ ...။

* လေနှင့်အတူ
ခြွေယူလွင့်ပါ၊ ရနံ့ဖြာဝေ
နှမ်းမကြွေစတမ်း၊ ခရေပန်းလေ
လန်းဆန်းထာဝရ၊ ချမ်းမြအလှပို
လောကကြီးကို စိန်ခေါ်သလို...။

* ခရေပင်သည်
အားသစ်ညီလျက်၊ ဝေစည်ပွင့်ခက်
ကူးလူးယှက်နွှယ်၊ ဆက်သွယ်အေးရိပ်
စိုးမထိတ်သာ၊ ထိုးလိမ့်နေပြောက်
ပွင့်သီးပျောက်အောင်၊ နှင်းပေါက်ပိတ်ပြီး
တံတိုင်းကြီးပမာ၊ ဝိုင်းဆီးကာထား
ကွန်ရက်များအလား
ခွန်အားကြီးမား ခရေရိပ်များ ...။

* ခရေပွင့်မှာ
ဆူးရင့်မပါ၊ ရိုးတံလွှာလည်း
သုံးရာသီထဲ၊ ပြုံးကာရီ (ရယ်)မြဲ
အံ့ခဲမာန်တင်း။ အလှချင်းပြိုင်
ဆင်းရန့်လှိုင်၊ သင်းပျံ့ကြိုင်ဆဲ
နိုင်မြဲရပ်တည် ပန်းအာဇာနည် ...။

* ခရေပွင့်လွှာ
ပင်ယံမှာနေ၊ အလှဝေထင့်
လွင့်ကြွေမြေခ၊ မယုယလည်း
လှပဆဲပင်၊ ပန်းဂုဏ်တင်ရဲ
ရင်ထဲသင်းပျံ့ ဆင်းရန့်သည်
တည်ခဲ့နေမြဲ လှနေဆဲ ...။

* ကြွေကြွေဝေဝေ
ပန်းခရေတွေ
ရေမြေခုံးစေ၊ လေပြည်ရှုံးနေ
အပြုံးကမ္ဘာမကျေ ...။

* ခရေပွင့်လျှင်
ထူးတင့်တော်ဝင်၊ သဇင်နှင်းဆီ
ချယ်ရီသစ်ခွ၊ ဂန္ဓမာအလှထက်
အားကျတပ်မက်၊ တဒင်္ဂတွက်ပင်

စုံမက်မြတ်နိုး၊ ချစ်မျှော်ကိုးကာ
တန့်ဖိုးမတိုင်းတာ နိုင်သော်လည်း ...။

* ခရေတစ်ပွင့်
ကြွေတစ်ပွင့်ကို၊ ခွေဆင့်ရစ်စီ
ပန်းပန်းချီပေါ့၊ တည်ငြိမ်အေးချမ်း
ရင်ငြိမ်းပန်းလေ၊ မနွမ်းမကြွေ
ထာဝရဝေနေ၊ ခရေဝေဒနာ
လွမ်းမောစွာသာ၊ ရှည်ကြာနေ့ည
ဆုတောင်းရလို၊ ဆန္ဒပိုမိ
အလိုရှိဘဝ၊ ပိုင်ဆိုင်ရနေ
ပန်းဣန္ဒြေရှင်၊ လုသခင်ဟု
အောင်မြင်လွှမ်းခြုံ ပန်းပရိဝုဏ်တွင်
ဂုဏ်ရည်သစ်လွှင်၊ အလှတန်ဆာဆင် ...။

(ပန်းချီကျော်မြှစံသို့ အမှတ်တရ)

(၁၀-၄-၂၀၀၆)

❖ ❖ ❖ ❖

## အလွမ်းစံပယ်

* မြစံပယ်ငုံ
ညဉ့်လွှာရုံမှာ
ခြံလွှာပွင့်ချပ်၊ စိမ်းရင့်ပတ်လည်
မြင့်မြတ်ဣန္ဒြေ တည်ငြိမ်နေထင့်
လွင့်ဝေသင်းပျံ့ ဆင်းရန့်ဖြာ
ညှင်းညှံ့ညင်သာ လေပြည်မှာ…။

* လင်းအရုဏ်စ
ငုံရာမှဖူး၊ လုရည်လူးနေ
ပွင့်ဦးပန်စေ၊ တင့်တယ်ဝေလျှံ
ကြယ်ကြွေဟန်ဆောင်၊ ငွေလရောင်မှာ
ထင်ယောင်မိမှား၊ စိန်ပွင့်လားကွယ်
ဝင့်ကြွားပေါ်လွင်၊ တော် မဝင်ပါ
ပန်ဆင်သူသာ ခွေ့ယူလာ… ။

* နံနက်ဦးမှာ
ငုံရာမှဖူး၊ ဆုံလာထူးတင့်
မခူးနှင့်မီ၊ ဖူးပွင့်သည်လေ

ကြည်လင်ချမ်းမြေ့၊ ကြည်နူးစေဆော်
မမေ့သော်လည်း မွေ့ပျော်ဆဲ…။

* စံပယ်ပွင့်ရယ်
တွယ်ရစ်နွယ်ဆင်၊ ချိန်ခါသင့်နေ
ရေနှင့် မြေနှင့်၊ ပန်းသင့်ကာ
ပွင့်ဖူးဝေဆာ၊ ဥယျာဉ်သာမှာ
ကြင်နာတေးဆို ပန်းချိုမလား…။

* တစ်ဖူးတစ်ပွင့်
ကြိုးနှင့်ဆင့်စီ၊ ပွင့်သစ်သီနေ
ဝေရီလွင့်မျော၊ ပန်းတို့တောမှာ
လွမ်းမောဖွယ်ရာ မြကတ္တီပါ…။

* ပင်ယံမှာကြွေ
နွမ်းမနေထင်၊ ဝေလွင့်စံပယ်
ရနံ့မပြယ်လေ၊ ဝင့်ထည်သဏ္ဍာန်
နန်းမဆန်လည်း၊ ပန်ဆင်စေလို
အလှပိုနေ၊ နဂိုရည်လေ
စိုပြည် ညို့ရွှေ ပန်းအမြဲတေ…။

* သြော်… အလွမ်းစံပယ်
ပန်းငယ်ငယ်ရယ်၊ ပန်မယ်ရွှယ်စူး

မချွေချူးလေ၊ ပွင့်ဦးမကြွေ
စိုးစိတ်စေစား၊ ထွေးပွေ့ထားလို
ယုယပိုမိ၊ အလိုရှိမှ
တွယ်ငြိပွင့်ပန်း၊ အလှဆန်းကြွယ်
စံပယ်နွမ်းလေ။ မလွမ်းသေးပါ
နွေးထွေးဆွတ်ပျံ့ ရင်လှပ်လှပ်ခါ ...။

(အဘကြည်နှင့် ဒေါ်မမကြီးတို့၏ မော်ဘီ၊ သနွေပင် စံပယ်ဥယျာဉ် အမှတ်တရ)

❖ ❖ ❖ ❖

## စမ်းရေ(ဆိုမဟုတ်) ဖြစမ်းထီတာ

* ရှိမြောင်ထပ်ထပ်
တောတောင်ရပ်ကို၊ လှည့်ပတ်ကွေ့လည်
ခရီးရှည်နော်၊ စုန်ချီပျော်ရင်း
ဖြတ်ကျော်စီးဆင်း၊ ခရီးပြင်းနှင်
စီးချင်းရှင်သည်
ကြည်လင်အေးမြ၊ တည်ငြိမ်လှစွာ
ဣန္ဒြေရကာ နေသော်လည်း…။

* တစ်ခါတလေ
ဝဲလေပွေနဲ့၊ ဆုံနေကြုံတွေ့
ဟန့်တားနေမှုး၊ ကွေ့မရှောင်သွား
ရေစီးအားကို၊ လှုပ်ရှားရင်ဖို
လွမ်းစိတ်ပိုပြန်၊ ခိုနားရန်မဲ့
စုန်ဆန်ကျော်ဖြတ် ခဲ့မြဲပင်…။

* တစ်ခါတစ်ရံ
သဲသောင်ယံမှာ၊ ရှောင်ပြန်ပြေးနေ
ညင်းလေပြည်နဲ့၊ ပန်းကြွေလေးများ

လွင့်ခြွေသွားရော၊ အခြားကမ္ဘာထင့်
ကာရန်သစ်များ။ အချစ်ပွင့်များနဲ့
တင်စားနွေးထွေး။ မေတ္တာတေးဆို
ချစ်ရေးပိုနေ၊ စိုပြည်သာယာ
ငြိမ်းချမ်းစွာသာ
မင်္ဂလာအလှတရား ပန်းတံတား··· ။

※ အို··· အသင်စမ်းရေ
သံသရာရေစီး၊ ဘဝခရီးမှာ
ဖြတ်ပြီးလျှောက်ရ၊ နွေလယ်ညပမာ
ကန္တာရလွင်ပြင်၊ အိုအေးစစ်အသွင်သို့
ပင်ပန်းတကြီး၊ ချွေးယိုစီးလိုက်
အင်အားစိုက်ကာ၊ ကျွဲဝိုက်ဖြတ်သန်း
ခရီးလမ်းမှာ၊ အပန်းဖြေစရာ
အလွမ်းပြေရော၊ သီတာအေးမြ
ကြည်သာတွေးဆ၊ ထာဝရသာ
မေတ္တာမျှဝေ၊ လှပစေချင်
ရေမြေကမ္ဘာတွင် အလှတွေဆင်···။ ။

(တေးသံရှင်ကိုတင်ဝင်း၏ စမ်းရေနှင့် စန္ဒရားညွှန့်ဝင်းလေး၏
မြစမ်းသီတာကို ခံစားခြင်း)

❖ ❖ ❖ ❖

## 'အ' ကို သရုပ်ခွဲခြင်း

* **(အစာငတ်ရင် တစ်ခဏ**
**စာမတတ်ရင် တစ်ဘဝ**
**ဆုံးရပြီသာမှတ်)**

(ရှေးစာဆို)

* **အ** ၏အတိတ်
**အ** နိမိတ်ဆောင်
**အ** ရိပ်အမှောင်
**အ** ရောင်ဝင်းစေ
**အ** လင်းတွေပြေး
**အ** ရေးအဖတ်
**အ** တွက်တာတ်သင့်
**အ** သိပွင့်နေ
**အ** အသချေ်အောင်ပွဲဝေ····။
**အ** ၏အားမာန် အနန္တလေ···။
**အ** ၏ဂုဏ်ရည် ကမ္ဘာတည်ရှည်···။ ။

(စက်တင်ဘာလ ၈ ရက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့သို့)

❖ ❖ ❖ ❖

## နိုင်ငံတော်၏ အနာဂတ်ထံခြွမ္ဘာထည် လူငယ်တို့လက်တွင် တည်သည်

* လူငယ့်အားမာန်၊ တက်ကြွဟန်လေ
အရန်အင်အား၊ ပြည့်ခွန်အားပေါ့
နှီးကြားရဲရင့်၊ ငွဲမာန်ဝင့်၍
အသင့်ဖြစ်စေ၊ အမိမြေအတွက်···။

* ယနေ့လူငယ်
နောင်ဝယ်လူကြီး၊ သင်လည်းတစ်ဦး
ဖြစ်ခဲ့ဖူးပြီ၊ ဖန်တီးစွမ်းအား
လုံ့လများနဲ့၊ လုပ်အားခွန်အား
ဆထက်ပွား၍ လူပ်ရှားထက်မြက်
ချွေးစက်သက်သေ၊ ပေးဆက်နေခဲ့
လက်ဆင့်ကမ်းအမွေ တာဝန်ကျေ ···။

* အလုပ်သမား လယ်သမား
တပ်မတော်သားနဲ့၊ ကျောင်းသားလူငယ်
အရွယ်နုပျို၊ ရှေ့ကိုချီတက်

အောင်ပွဲတွက်လေ၊ ခရီးဆက်ရင်း
ခတ်တက်ကျိုးစေ၊ တွေဝေမနေ
လက်တွေ့တက်တွေ့ ဖြစ်ကြစေ…။

* လူငယ်တို့လျှင်
တံစဉ်ကိုင်စွဲ၊ လယ်မြေထဲမှာ
တူတွေကိုင်စွဲ၊ စက်ရုံထဲမှာ
သေနတ်ကိုင်စွဲ၊ စစ်မြေထဲမှာ
ဖောင်တိန်ကိုင်စွဲ၊ ကျောင်းခန်းထဲမှာ
ငွေနဲ့မာန်ချီ၊ တွဲလက်ညီမျှ
ကိုယ်စီတာဝန် ကျေနေကြ…။

* တို့တစ်တွေလေ
ကျရာနေရာ၊ ကဏ္ဍမှာနေ
စာပေဝတ္ထု၊ အစုစုနဲ့
ရတုကဗျာ၊ ပျို့လင်္ကာများ
ဖွဲ့ကာမျှဝေ၊ ခံစားစေခဲ့
လယ်မြေကန်သင်း၊ စက်ရုံတွင်းမှာ
သီချင်းဆိုနေ၊ တေးရေးနေကြ
လွင့်ကြွေခွေ့များ၊ တေးပွင့်များပေါ့
လုပ်အားပေးနေ၊ တေးသံဝေသော်

ဖျော်ဖြေကျိုးပြု၊ တို့ရှေးရှု၍
လူမှုတာဝန် တစ်ကာပ်တစ်အား • • • ။

* သည်ယနေ့လျှင်
နိုင်ငံတစ်ခွင်မှာ၊ ပြုပြင်ဆောက်တည်
စွမ်းအားချီလျက်
တူညီတွဲလက်၊ ခိုင်ခိုင်ဆက်၍
တက်ကြွအားမာန်၊ ဇာတိမာန်တွေ
ရေခံမြေခံ၊ အမွေခံကောင်း
သားကောင်းတစ်ယောက်
ကျောက်ကောင်းတစ်စေ့
ယနေ့တာဝန်၊ တို့ကျေပွန်နေ
မွန်မြတ်စွမ်းရည် လက်အသ‌ေ‌ျ• • •။

* တို့၏ဝတ္တရား
ပြည်သူကြားလေ၊ ညီတူသွားနေ
ပြည်သူများတွေ၊ ကြည်ဖြူသွားစေ
"စားဝတ်နေရေး၊ ဖူလုံရေး • • •"
"တို့လွတ်လပ်ရေး၊ အဓွန့်ရှည်ရေး • • •" မှ
ပြည်သူ့အရေး၊ တို့အရေးပဲ
ပြည်သူ့လုပ်ငန်း၊ တို့လုပ်ငန်းပေါ့

ပြည်သူ့စီးပွား၊ တို့စီးပွားသော
ကြိုးစားဖော်ဆောင်၊ လုပ်ငန်းအောင်ရေး
စွမ်းဆောင်အားထုတ်၊ နောက်မဆုတ်တမ်း
အုတ်ချပ်သဲပွင့် အနန္တပမာ...။

* တို့လူငယ် ဟော့၊ အားသစ်ပြည့်နေ့
လေ့ကျင့်စည်းရုံး၊ တက်ကြွဆုံးပေါ့
စည်းရုံးလေ့ကျင့်၊ အဆင့်ဆင့်၏
အသင့်ရှိနေ၊ လှုပ်ရှားနေကြ
လူငယ်တွေသာ၊ အမာခံအင်အား
စုစည်းအားပင်၊ ပျားနဲ့ပန်းသွင်
ဂုဏ်ဝင်ဟု၊ စံတင်မှုပင်
ပြည်သူ့ရှင်ခွင်၊ မော်ကွန်းတင်ချင်
အောင်မြင်လွှမ်းမိုး အလုတန်ဆာဆင်...။

* သည်ယနေ့ဝယ်၊ တို့လူငယ်၏
တွယ်ငြိနှလုံးသား၊ ကိန်းဝပ်ထားရာ
သဘောထားမှန်လာ၊ ဖြူစင်စွာသော
ခိုင်မာလေးနက်၊ ရပ်တည်ချက်သည်
ထက်မြက်စွမ်းရည်၊ အစိတ္တာန်ညီ၍
တည်ထောင်ပြည်သစ်၊ နိုင်ငံသစ်ဆီ

ခေတ်မီတိုးတက်၊ တူယှဉ်လျက်သာ
ထက်ကြပ်မကွာ၊ နိုင်ငံတကာနဲ့
ပြိုင်ကာရင်ပေါင်တန်း၊ အံ့မခန်းစေ
အောင်ပန်းဝေလျှမ်း၊ ရွှေပြည်နန်းသို့
ကြိုးပမ်းလှမ်းစို့ တို့အစွမ်းကုန်. . . ။

(၁၉၈၄ ခု စာဆိုတော်နေ့ ကဗျာပထမဆု
ဗဟန်းမြို့နယ် စာပေလုပ်သားအဖွဲ့)

❖ ❖ ❖ ❖

# ပြည်သူ့ထားဇောင်း
# သူငယ်ချင်းသို့

* မိုးဦးနံ့နက်
အရုဏ်တက်စ၊ ရေစက်ချနေ
အမျှဝေသံ၊ မျက်ရည်လျှံလျက်
မိုးယံထက်လွင့်၊ အလွမ်းပွင့်တွေ
နွမ်းရင့်ကြွေခဲ့၊ ရင်နဲ့အမျှ
သောကခြေရာ၊ မဖြေသာပါ
ရောက်ရာဘဝ၊ ကြားသိရလို့
ပြုကြပေါင်းစု၊ ကုသိုလ်မှုတွေ
သာဓုခေါ်နိုင်ပါစေ သူငယ်ချင်းရေ…။

* အမိမြေ၏
စေသည့်တာဝန်၊ မင်းကျေပွန်စွာ
မွန်မြတ်နှလုံးသား၊ ဌဲမာန်များနဲ့
စွမ်းအားထက်မြက်၊ သွေးချွေးသက်သေ
ပေးဆက်နေခဲ့၊ ရက်ရှည်နှစ်များ
ရာသီများစွာ၊ တည်ထားကြာထင်
မြင်လာပုံရိပ် အတိတ်သမိုင်းတွင် …။

*
ပြည်သူ၏သား
ပြည်ချစ်သားလေ
နီးကြားသတ္တိ၊ မင်းမှာရှိခဲ့
အမိနိုင်ငံ၊ ကာကွယ်ရန်နော်
တော်လှန်ဆီးတား၊ အဖျက်သမားရန်
ထိပါးမခံ၊ ရဲစွမ်းမာန်နဲ့
တန်ပြန်တိုက်စစ်၊ တရားသောစစ်မို့
မျိုးချစ်ဇာနည်၊ ဘာမထီအသည်း
နီရဲသွေးသစ် ပြည်သူ့သားကောင်း···။

*
သူငယ်ချင်း···
မင်းရပ်တည်ချက်
ယုံကြည်ချက်တို့၊ မပျက်ဓိဋ္ဌာန်
နည်းလမ်းမှန်ခဲ့၊ ခံယူချက်ထား
စည်းရုံးအားမာန်၊ ရိုးသားဟန်များ
အနစ်နာခံ၊ စွန့်လွှတ်ဟန်များ
ဖြောင့်မှန်တည်ကြည်၊ ခေါင်းဆောင်ပီသွာ
ညီညာပေါင်းစု၊ တက်ကြွမှုနဲ့
လူမှုတာဝန် တစ်တပ်တစ်အား···။

*
သည်ယခုနေခါ
မင်းမှာရှိနေ၊ တာဝန်ကျေခဲ့

မသေရဲဘော်၊ ရဲသော်မသေ
သေသော် ငရဲ၊ မလားဘဲသာ
အမြဲထာဝရ၊ ဂါရဝနဲ့
လွမ်းတ ဂုဏ်ယူနေမယ် ယုံ…။

* ဩော်…
လွမ်းသူ့ပန်းခွေ၊ အလှကြွေဆင့်
လွင့်ဝေပျံ့သင်း၊ ရနံ့ညင်းလို
မင်းကိုချစ်သူ၊ ခင်မင်သူများ
ပြည်သူကိုယ်စား၊ နှလုံးသားနဲ့
ခံစားမျက်ရည်၊ ကိန်းဝပ်တည်ပြီ
နှစ်ရှည်သမိုင်းစဉ်၊ မော်ကွန်းတင်ဖြစ်
တွင်ရစ်ဥဒါန်း ခိုင်စေသောဝ…။ ။

[၂၁-၇-၁၉၈၃ တွင် ကျဆုံးခဲ့သော သူငယ်ချင်း ဗိုလ်မျိုးသက်
ခမရ(၁၁)သို့]

❖ ❖ ❖ ❖

## လောကနတ်နှင့် တွေ့ဆုံခြင်း

* ငြိမ်းချမ်းမှုအား
ပေးသနားသော
ဘုရားတမန်၊ လောကနတ်ထံမှာ
ပန်ထွာရိုကျိုး၊ လက်အုပ်မိုး၍
ရှိခိုးဂါရဝ ပြုနေစဉ်… ။

* ရှေးယခင်က
သံချိုမြသည့်၊ ဂီတထံတျာ
အနုပညာသည်၊ မဟာနွယ်ဝင်
ဘုန်းရှင်ကံရှင်၊ အရှင်သခင်သာ
ကြင်နာသနား၊ နှလုံးသားကို
မှသားဖွဲ့ဆို၊ မြှောက်စားပိုခြင်း
တင်စားခြင်းဖြင့်၊ ချစ်တင်းဆိုခိုက်
မင်းအလိုလိုက်၊ မင်းစရိုက်ကောင်း
မင်းကြိုက်များသာ ဖြစ်ခဲ့ကြောင်း …။

* ဘုန်းတော်တိုးဘွဲ့
ဂုဏ်ကိုဖွဲ့၍၊ နွဲ့သည်လျှသည်

လုပမည်သာ၊ ကျနသည်လား
နှစ်တွေများခဲ့၊ ခေတ်စေစားချက်
စည်းဝါးမျက်ရည် စီးခဲ့ကြောင်း ...။

* သည်လိုသည်ပုံ
နိမိတ်စုံဖြင့်၊ အာရုံလွင့်ပျက်
စိတ်နှောင့်ယှက်၍၊ ရတက်ပူဗျာ
ဝေဒနာသည်၊ ရှည်ကြာနေ့ည
စိတ်သောကဖြာ၊ ဖြေသာမရ
နေကမ္ဘာတမျှ၊ နွေကမ္ဘာရပမာ
ကာလကြာစွာ ရှိခဲ့ကြောင်း...။

* သည်ယနေ့လေ
တွေ့ဝေခြင်းများ၊ ပိုးတဝါးတွင်း
ကြိုးစားအားတင်း၊ ဖြတ်ကျော်ရင်းပင်
ကန့်သင်းရိုးလမ်း၊ လယ်ကွင်းကြမ်းများ
ကုန်ထုတ်စွမ်းအား၊ စက်ရုံများတွင်
တေးသွားသစ်လွင်၊ အလုဆင်ပန်း
စွမ်းအင်ပြည့်လျှမ်း၊ ဆူးခင်းလမ်းမှ
ဖြတ်သန်းကျော်ကြ၊ တေးဆိုကြလျက်
တက်ကြွအားမာန်၊ ဖွဲ့စိတ်သန်စွာ
တမံ ဆည်မြောင်း

ကန်ချောင်း လမ်းတံတား
တည်ဆောက်အားပြု၊ ညီညွတ်မှုပင်
ပြည်သူ့ရင်တွင်း၊ အရောက်ဆင်းလို
သီချင်းဆိုနေ၊ တေးရေးနေကြ
ကျလေရာတာဝန်၊ ခွန်အားသွန်ရင်း
မွန်မြတ်စိတ်ဓာတ်၊ ရင်ဝယ်အပ်၍
ချစ်မြတ်နိုးစွာ၊ ပေါင်းစည်းကာသာ
ညီညာသံသာ၊ အလှဖြာဝေ
ရင်မှာပီတိ ဖြစ်နေကြောင်း …။
အစဉ်သာတည်ရှိ ချစ်စေကြောင်း …။
မင်္ဂလာမည်၏ ခေတ်တွေပြောင်း…။ ။

(၁-၉-၁၉၇၇)

❖ ❖ ❖ ❖

## ချမ်းမြေ့အေးရိပ်

* (သက်ရှည်ဆင်းလု ချမ်းသာရ ဗလဉာဏ်ပညာ
ကြည်လင်သန့်ရှင်း ကျော်စောခြင်း ခပင်းခြွေရံဖြာ
ရေမငတ်ဖြား လျင်စွာသွား ဆယ်ပါးရေကျိုးသာ)

* သည်လောကမှာ
မြတ်စေတနာဖြင့်
သီတာရေကြည်၊ လှူဒါန်းသည်မှာ
ဆုရည်မှန်းကာ၊ မတောင်းပါဘဲ
ပြည့်လာမြဲဟု၊ ယုံကြည်မှုလျှင်
ဤလူ့ဘဝတွင် အမွန်မြတ်ဆုံး...။

* အရှေ့အနောက်
တောင်နှင့်မြောက်သို့
လျှောက်လှမ်းခရီး၊ လွင်ပြင်ကြီးမှာ
ပွင့်သီးရိပ်ညို၊ အရိပ်နိဗ္ဗိ
ကုက္ကိုပင်ကြီး ရှိလေသည်... ။

* ကုက္ကိုပင်ထက်
သာရကာငှက်တို့

သက်နံ့လည်ယှက်၊ နားခိုလျက်သာ
ဝင်ထွက်မြူးပျံ၊ ရာသက်ပန်ပေါ့
တံတျာတီတာ၊ သံသာယာသည်
ကြည်သာအေးရိပ် ချမ်းမြေ့စွာ …။

* ကုက္ကိုပင်တွင်
ရိပ်နိုမြင်လာ
ဖြူစင်သဒ္ဓါ၊ စေတနာဖြင့်
ညီညာပေါင်းစု၊ ဒါနပြုကြ
အလှူရှင်များ၊ တတ်စွမ်းအားဖြင့်
ရိုးသားဓလေ့၊ စိတ်ကြည်မွေ့ချင်
ချမ်းမြေ့လန်းရွှင်၊ ရေချမ်းစင်ကား
မင်္ဂလာကျက်သရေ အပြည့်ဆုံး …။

* ကုက္ကိုပင်အောက်
ရေကြည်သောက်ဖို့၊ တစ်ယောက်တစ်လက်
ဖြည့်စွမ်းလျက်လေ၊ မပျက်ဝတ္တရား
အသိတရားနှင့်၊ ရွာနားဝန်းကျင်
စေတနာရှင်တို့၊ နေ့စဉ်ထာဝရ
ရေဖြည့်ကြ၏၊ ကြံ့ကြံ့တိုင်းကြည့်နေ
မပြည့်အိုးတို့ မရှိလေ …။

* ကုက္ကိုရိပ်ကို
ချွေးသိပ်ခိုနား၊ ခရီးသွားတို့
နားနေပန်းဖြေ၊ ညင်းလေပြည်နှင့်
ရေချိုကြည်မြ၊ သောက်လိုက်ရစဉ်
နွမ်းလျမောရ၊ တဒင်္ဂမျှ
လောကအားလုံး၊ ပီတိဖုံးထင့်
အပြုံးပွင့်ဝေ၊ ဆုမွန်ခြွေထား
ရေအကျိုးတရား၊ ဆုဆယ်ပါးလျှင်
ရှိးသားဖြူစင်၊ စေတနာရှင်တို့
အောင်မြင်သံသရာ၊ ဆက်တိုင်းမှာသာ
လိုရာပြည့်စေ၊ ချမ်းမြေ့စေပြီး
ရေလို အေးမြ ကြစေသတည်း ···။
နွေကို ဖေးမ လှုစေသတည်း ···။
အဖြေကို တွေးဆ မျှဝေသတည်း···။ ။

(ကိုလှိုင်ထွန်း မိသားစုနှင့် မန်းသံပုရာကန် အလှမ်းပြေ)
(၈-၈-၁၉၈၀)

❖ ❖ ❖ ❖

## တောင်တိမ်လှိုင်း တံတိုင်းတို့ထက်တွင်

* တောင်တန်းတို့သည်
ဝေးမြင့်သီစွာ
ရိုဝေညို့မှိုင်း၊ တိမ်ရိပ်လှိုင်းတို့
အုံ့ဆိုင်းမြူချိတ်၊ နှင်းငွေ့ရိပ်နဲ့
ဆို့ပိတ်သိပ်သည်း
ပိတ်ဆီးကွယ်ကာ တိမ်တံတိုင်းပမာ…။

* တောင်တိမ်လှိုင်းထပ်
တောင်ဇလပ်ပွင့်ခက်
အောက်ချင်းငှက်တို့
သက်ထက်မြဲစွာ၊ တွဲယှက်ပါအံ့
တောရှာတောင်နှံ့ ခရီးဆန့်သည်
တည်တံ့နှစ်ရှည် ကာလတွေ…။

* တောင်ဇလပ်ပန်း
အားမာန်လွှမ်းယူ
တောင်တန်းသရဖူ၊ လှမဥ္စူထင့်
ယှဉ်တူပြိုင်ပွင့်၊ ဂုဏ်မြင့်မှ

အသွင်တင့် သစ်ခွ၊ ဘဝချင်းဆိုင်
အလှချင်းပြိုင်လျှင်၊ မနိုင်အောင်ပင်
ပိုင်ယောင်ထင်သူ၊ ယှဉ်မတူသင့်
ဖြူရောင်တစ်ပွင့်၊ နီတစ်ပွင့်ဟန်
ကြွားဝင့်မာန်ထည်၊ အလှကြွယ်သည်
ဘယ်ပန်းချီမင်ဆေး ရေး၍မမီ...။

* နှင်းမိုးအောက်ဝယ်
အောက်ချင်းငှက်ငယ်၊ လှဂုဏ်ကြွယ်ဆင့်
ရစ်သွယ်ချစ်လာ၊ အကြင်နာကမ္ဘာ
မေတ္တာတရား၊ တန်ဖိုးထား၏
နီးကြားရဲရင့်၊ ချစ်ခြင်းနှင့်အတူ
သေအတူ ရှင်မခွဲ၊ လွမ်းအသည်းဖြင့်
အောင်ပွဲဆက်ကာ၊ ခိုင်မြဲပါသော
သစ္စာတရား၏ ဘက်တော်သား...။

* ဪ...
ချင်းတောင်တန်းထက်
ပန်းတောင်ဇလပ်ခက်
ငှက်ငယ်အောက်ချင်း
ဂုဏ်ယူရင်းရောက်
အောင်လောက်ပဲတစ်ခွက်

နွားနောက်ဟင်းထည့်
လှည့်ပတ်စုံညီ၊ ဝိုင်းဖွဲ့တည်ရင်း
ခေါင်ရည်အိုးတွင်း၊ ရေဖြည့်တင်းကြ
ဝါးညှပ်ကရင်း၊ တေးဆိုရင်းပင်
တွယ်ငင်ငြိလာ၊ မမေ့ပါလို
ခွာဒို ပွဲကို အလွမ်းတွေပို…။ ။

(နွားနောက် (နနောက်) … မျိုးစပ်အသားစားနွား
အောင်လောက်… ဒေသထွက်အင်အားပြည့်ပဲတစ်မျိုး
ခွာဒို … ချင်းရိုးရာ ကောက်သစ်စားပွဲ)

(တီးတိန်အလွမ်းပြေ ဇမ်ကျင်းတို့ရဲ့ ချင်းဌာနေ)

(၁၁-၂-၁၉၈၆)

❖ ❖ ❖ ❖

## အကျည်းတန် ဆည်းဆာ

* နေလုံးနီထွေး
ရောင်နီမှေးဖြင့်
ဆော့ပြေးလူးလာ၊ ညဆည်းဆာသည်
ပြုံလာလေယောင်၊ ဝင်လေယောင်နှင့်
ညိုရောင်ဖြူရောင် ကြည်ပြာခြယ်...။

* လေပြည်ဖျန်းဝေ့
နေ့ကိုနှုတ်ဆက်
ညတွက်ကြိုဆို၊ ပျူငှာပိုသည်
တေးဆိုလိမ့်ယောင်၊ က,လိမ့်ယောင်နှင့်
ပြုံးယောင်ရွှင်ယောင် ကျီစယ်နေ...။

* ထိုစဉ်အခိုက်
ခေါင်းငိုက်စိုက်ချ၊ ရှုရှုခြေလှမ်း
မလှမ်းချင်လို၊ လှမ်းချင်လိုဖြင့်
လူအိုတစ်ယောက်၊ တွေးတောလျှောက်ရင်း
ထမင်းဝမ်းစာ၊ တစ်နေ့တာက
ရတာမမျှ၊ စားမဝ၍

ရင်မှပွင့်အံ၊ တက်ခေါက်သံပြင်း
အဆင်းလျှံဆည်းဆာ အသရေကောင်း…။ ။

(၁-၆-၁၉၇၆)

❖ ❖ ❖ ❖

## ထုသာန်၏ သရုပ်သဏ္ဍာန်

* သင်္ချိုင်းကုန်းသည်
အဆုံးဘဝနေရီ၊ လောကပန်းချီမှ
မပီမသ၊ တဒင်္ဂတာ
ဤလူ့ရွာတွက်၊ ခန္ဓာပေးဆက်
အမျှရေစက်ဖြင့်
နှုတ်ဆက်တံခါး အဝင်အထွက်…။

* သင်္ချိုင်းကုန်းတွင်
မရှင်နွမ်းလျ၊ စိတ်သောကဖြင့်
ဗျာပါဒပို၊ မျက်ရည်ယိုရ
ငိုကြွေလွမ်းကြ ပရိဒေဝ…။

* သင်္ချိုင်းကုန်းမှာ
ကမ္မဝါရွှတ်၊ ပရိတ်ရွတ်နေ
လွတ်စေကျွတ်စေ၊ အမျှဝေလို
ကုသိုလ် အကုသိုလ် နယ်နိမိတ်စည်း…။

* သင်္ချိုင်းကုန်း၌
တစ်သိုက်တစ်မြုံ၊ လူ့ဘုံစံနန်း

ထွက်လမ်းကိုမျှော်၊ လွတ်လမ်းပေါ်စေ
ခေါ်နေသာမှ ကုသိုလ်အမှု ···။

* သင်္ချိုင်းကုန်းမှာ
ချမ်းသာဆင်းရဲ၊ လူမခွဲခြား
ကွဲပြားအဆင့်အတန်း၊ မရှိစတမ်းသာ
သခါရစခန်း သတိကမ္မဋ္ဌာန်း ···။

* ဩော် ···
သင်္ချိုင်းကုန်းတွင်၊ လူပ်ရှားရင်းဖြင့်
ထမင်းတစ်ဝမ်း၊ ဘဝနွမ်းနွမ်း
စိတ်ပန်းလူပန်း၊ မရွှင်လန်းလျက်
ထမ်းရွက်နေကြ၊ ပရိယေသန
အမိမြေက၊ လောကညမှာ
သုဘရာဇာများ ဘဝတံခါးမှူး···။ ။

(ကျေးလက်များရှိ ရွာပြင်သုသာန်များအား
ရည်ညွှန်းပါသည်)

❖ ❖ ❖ ❖

## သစ်္စါရ သံသရာ

* လူဆိုသည်ကား
မွေးခြင်းဖွားခြင်း၊ သေခြင်းတရား
အချိန်ကြားဝယ်၊ လှုပ်ရှားသွားပြန်
လောကခံမှာ၊ စုန်ဆန်လူးလာ
သံသရာဝဲ ကံကြမ္မာပဲဆို…။

* မဒိုပါလို့
တောင်းဆုဆိုက
ဆုဆိုမရ၊ ဒိုကြရမှာ
အနတ္တခန္ဓာ ရုပ်လက္ခဏာ…။

* မနာပါလို့
တောင်းဆုဆိုက
ဆုဆိုမရ၊ နာကြရမှာ
အနတ္တခန္ဓာ ရုပ်သဏ္ဍာန်မှာ… …။

* မသေပါလို့
တောင်းဆုဆိုကြ
ဆုဆိုမရ၊ သေကြရမှာ

အနတ္တခန္ဓာ၊ မပိုင်ပါလေ
အိုနာသေမှာ အသေချာ…။

* ဤကိုယ်ကာယ
တစ်လံမျှ၌
သောကနောက်ဆုံး၊ အိုရဦးမည်
မုချပျက်ပြုန်း၊ နာရဦးမည်
လုံးဝလမ်းဆုံး၊ သေရဦးမည်
အဆုံးခန္ဓာ သခါရကမ္ဘာ…။

* လောကဇာတ်တွင်
ဓာတ်ကိုလူထင်၊ မြူမစင်ခိုက်
ပူပင်စိတ်မိုက်၊ ပျော်မြူးလိုက်စား
အမြိုက်တရားဝေး မိုက်မှားတွေးနေ…။

* ဩော်…
မနုဿတ္တ၊ ဒုလ္လဘမှာ
ရလာခဲ့စွ၊ လူ့ဘဝကား
ဒါနတရား၊ လက်ကိုင်ထားမှ
ပေါ်များဥစ္စာ၊ ကိုယ့်ဖို့ပါမည်
နောင်ခါကောင်းဖို့ အကျိုးတည်း…။
သီလတရား၊ လက်ကိုင်ထားမှ
သက်ကားရှည်စွာ၊ ပယ်စွန့်ခွာ၍

ကောင်းရာဂတိ လားဖို့တည်း ...။
လူဖြစ်လာရာ၊ မြေကမ္ဘာမှာ
ဘာဝနာတရား၊ လက်ကိုင်ထား၍
ကျော်လွှားနိုင်လို
မအို မနာ မသေရာအမှန်
မြတ်နိဗ္ဗာန်သို့
ကေန်ရောက်ဖို့ အကြောင်းတည်း ...။

* အို... ထိုမှတစ်ဖုံ
စိတ်အာရုံမှာ၊ ကိုယ်နှုတ်ငုံထား
ပွားထုံလေးစား၊ ဦးညွှတ်သွား၍
ငါးပါးသီလ၊ စောင့်ထိန်းကြပါ
ဘဝခန္ဓာ၊ ဘေးဘျမ်းသာစိမ့် ...။
သောကရန်ဘယာ ဝေးလှမ်းကွာလိမ့် ...။
လောကကံကြမ္မာ အေးချမ်းသာငြိမ့် ...။

❖ ❖ ❖ ❖

## ငှက်အတိစမ္မာ

* အသက်သာရှိ အသိမဲ့လျက်
ထိုထိုငှက်ပင် တောင်စုံလင်၍
ကောင်ကင်တစ်ဝန်း ပျံလျှင်ကျွမ်းသော်
တစ်ဝမ်းတစ်စာ ဘာသာရှာသည်
ဘယ်မှာဘယ်သူ့ ကိုးလို့တုံး။

* ငှက်ဘဝ အခြေခံ
နိမ့်နိမ့်ပျံရင်
နီးနီးမြင်ရ… ။

* ဝေးဝေးမြင်ရန်
မြင့်မြင့်ပျံတက်
ငှက်တစ်ကောင်အသက်
တောင်ပံနှစ်ဖက်ဟာ
ညာဘက်သန်သန်
ဘယ်သန်သန်လေ
လေဆန်ပြန်ပြီး ဘယ်ခရီးစ မလဲ …
လေစုန်ပျံဦး…၊ ဘယ်ခရီးဆုံးမလဲ…။

* ဦးတည်ရာအမှန်၊ အစာရှာရန်လား…
ချစ်ခွန်းသီညံ၊ မျိုးဆက်ရန်လား…
သိုက်မြုံနန်းစံ၊ အိပ်တန်းပြန်မလား…
ယောနသံဇင်ယော်၊ အားကျမျှော်ကိုး
ရဲဝံ့နှိုးဆော်၊ တိုက်ပွဲခေါ်လျှင်
မိုးကောင်းကင်ပေါ်၊ ပျံသန်းကျော်မလား…
တိမ်ညွန့်တွေပေါ်၊ လူးလွန့်ပျော်မလား…
လောကကြီးအပေါ်၊ လှုပ်ရှားမော်မလား ….
စဉ်းစားဆုံးဖြတ်၊ အတွေးမရပ်ချင်
ဘဝဇာတ်တွင်၊ လွင့်မျောစဉ်မှာ
တာဝန်ကျေမှု၊ စွန့်စားမှုသာ
ငှက်ဘဝစစ်၊ ဒဿနသစ်နှင့်
ငှက်ဖြစ်ရကျိုး နပ်မယ်နော်…။ ။

(စာရေးဆရာ၊ ဒါရိုက်တာ အကယ်ဒမီ မောင်ဝဏ္ဏသို့
ရိုသေဦးညွတ်လျက်)

❖ ❖ ❖ ❖

## လက်အသချော်ဖြင့်

* လေပွေခွက်ချည်းကျန်
အလံမလှဲ . . .။

* လေလည်းမလာ
ရွက်မပါစေ . . . ။

* ညီညာတက်များ
လော်ခတ်အားနဲ့
လှုပ်ရှားရင်ဆိုင် ကြံ့ကြံ့ခိုင် . . .။

* **လေမရှိလျှင် လော်**
* **ရွက်မရှိသော် တက်**
* **တက်မရှိလည်း လက်**

* အောင်ပွဲအတွက်
ခရီးဆက်ရင်း
ခတ်တက်ကျိုးစေ
မတွေဝေကြေး
လက်တွေတက်တွေ ဖြစ်ရမယ် ဟော့ . . .။ ။

❖ ❖ ❖ ❖

## နွေအဆာချေ
## နေအနန္တ

* ရင်ထဲကနွေ
ဆယ်နေမကာ၊ သောကလောင်မြိုက်
ပင့်သက်ရှိုက်သံ၊ ဆူလှုံစိုးနင်း
ဆူခင်းလမ်းကြမ်း၊ မုန်တိုင်းကြမ်းမှာ
ခေါင်းကပန်းခိုင် လွင့်ပျက်ကြွေ...။

* လွင့်ကြွေပျက်လည်း...
အလံမလှဲစတမ်း
အားမာန်လွှမ်းကဲ၊ ဆန္ဒဇွဲစိတ်
လွင့်ရိပ်စွန်ဖျား၊ နွေများအဆာချေ
ပူလောင်နေရဲ့ နွေပဟောဋ္ဌိ
နေ၏ပုဏ္ဏာ၊ အဖြေရှာစဉ်
ပူပါလေစေ၊ ပူပါစေပေါ့
မျက်ရည်ချောင်းတွေ စီးချင်စီး... ။

* စီးပါစေလေ
နွေနေလိုပေ

ဘဝအဖြေကို၊ မျက်ရည်မကျ
သောကမဖြာ၊ သစ္စာဆိုမယ်
နွေနေ့လယ်မျိုး
အိပ်မက်ဆိုးကို
နှီးကြားနီရဲ၊ တို့အသည်းဖြင့်
တိုက်ပွဲဝင်ကာ၊ အောင်ပွဲရှာမည်
ကမ္ဘာမိုးမြေ သုဉ်းသည့်တိုင်…။ ။

❖ ❖ ❖ ❖

## ဈျွန်းမာရေး
## အကောင်းဆုံး

* ဘာလုပ်နေလဲ
  လေ့ကျင့်နေဆဲ···။

* ဘာလုပ်ဖို့လဲ
  ပြိုင်ပွဲဝင်ဖို့···။

* ဘာစိတ်ဓာတ်လဲ
  သံမဏိစိတ်ဓာတ် ···။

* ဘယ်သူ့အတွက်လဲ
  ပြည်သူ့အတွက်ပဲ···။

* အမှတ်စဉ်
  အမှတ်စဉ်
  အမှတ်စဉ် ···ဆို··။

* တစ် နှစ် သုံး လေး
  တစ် နှစ် သုံး လေး

တစ် နှစ် သုံး လေး
ကျန်းမာရေး ...။

* အသင်းကြီးလားဟေ့ တို့မဖြုန်
* တံခွန်စိုက်လားဟေ့ တို့မတုန်
* ချန်ပီယံလားဟေ့ တို့မယုံ ....။

* တို့အသင်းရဲ့ အားမာန်အဟုန်
ဖိန့်ဖိန့်တုန်မယ် ကန်တော်ဇုန် ...။

* တို့စွမ်းအားသည်
စည်းလုံးညီညာ
နိုင်မြဲလာမည်
ယုံကြည်စွဲနှစ်၊ အောင်ပွဲဖြစ်တည်
ညီညွတ်မှုများ၊ ပေါင်းစည်းအားသာ
နှလုံးသားခိုင်ကျည် မော်ကွန်းတည်ဆဲ ... ။

* တို့အသင်းမှာ ဇွဲရှိတယ် ...
တို့အသင်းမှာ အသည်းရှိတယ် ...
တို့အသင်းမှာ ဗျူဟာရှိတယ် ...
တို့အသင်းမှာ သတ္တိရှိတယ် ...။

* သူရဲကောင်းတို့ အသည်းနှလုံး
တာဖျားမှ တာအဆုံး

တစ်အားကျုံးလို့ လော်ရဲတယ်··
တစ်အားပြုံးလို့ အော်ရဲတယ်···
တစ်အားမှန်းလို့ ကျော်ရဲတယ်···။

။ ကွယ်···သည်တော့လဲ
အောင်ပွဲဆိုတာ အသေချာမှန်း
ပန်းတိုင်ကိုသာ အောင်နိုင်စွမ်း
လေ့လော့သားတို့ တက်တစ်ကမ်း
ယောကျ်ားကောင်းတို့ လက်တစ်လှမ်း···။ ။

(ငယ်သူငယ်ချင်း ဆန်းထွေးအုန်းသို့)
(၃၀-၁၂-၁၉၉၆)

❖ ❖ ❖ ❖

# အစာအိမ်တစ်ခု၏ အကြောင်း

* နေရီမိုးချုပ်
တဲကုပ်ကုပ်မှာ၊ ပဲပြုတ်ပြုတ်ရင်း
မီးမှုတ်ရင်းလေ၊ ထင်းကစိုနေ
မီးခိုးတွေအူ၊ ကလေးတွေဆူ။
နွေပူလေပူ ရင်ပူပူ…။

* တစ်ညလုံးပင်
ပေါင်းအိုးပြင်ရင်း၊ ခြင်နဲ့နပန်းလုံး
တဗုန်းဗုန်းရိုက်၊ မီးမှုတ်လိုက်နဲ့
အိပ်ငိုက်ပြေလိုက် အိပ်ချင်လိုက် …။

* အိပ်ချင်မူးတူး
မျက်ပြူးဆန်ပြာ၊ ရွာဦးကျောင်းတိုက်
အုန်းမောင်းရိုက်သံ၊ နှိုးစက်သံပေါ့
အမြန်ဆုံးထ၊ အချိန်ကျပြီ
တောင်းမအသင့်ပြင်၊ ခေါင်းပေါ်တင်၍
ဆွဲငင်အော်ဟစ်၊ အရပ်ရှစ်မျက်နှာ
ဖောက်သည်ရှာသွား

ဝယ်ကြဦးမလား ဝယ်မလား…အသံရှည်လျားဆဲ
"**ဟောဒီက ပဲပြုတ်တော်ရေ့**"တဲ့…။ ။

(ပန်းချီရွှေစိုးဟန်သို့)
(၅-၄-၂၀၀၇)

❖ ❖ ❖ ❖

# အိမ်

* ပင့်ကူကလေး
လူးလာပြေးထွက်၊ နောင်ဖွဲ့ယှက်ကာ
အမျှင်လွှာရင်း
စဉ်လာသွင်းထုတ်၊ ဒိုင်းမြားထုပ်မှာ
ဆောက်လုပ်အိမ်ဖွဲ့ နောင်ကြိုးယှက်။

* ငှက်လေးတွေလည်း
ဟိုဝဲသည်ပျံ၊ လှုပ်ရှားမာန်တက်
အုန်းဆံမြက်ခြောက်၊ ရိုးပြတ်ကောက်ရိုး
သယ်ဆောင်ပိုးရင်း
ယှက်ထိုးအိမ်ဖွဲ့ သိုက်မြုံနဲ့လေ…။

* ခြတို့ဌာနယ်
နကျယ်၊ ခါချဉ်၊ အားအင်ပေါင်းစည်း
မြေစီး၊ ရွှံ့စု၊ အိမ်ဖွဲ့မှုနဲ့
ပန်းပုထုနိုင် တောင်ပို့ပိုင်ကြ…။

* ငါးရှဉ့်၊ ကြွက်၊ ဖား
မြွေများသည်ကား

တွင်းစားကိုယ်စီ၊ မြေအောက်ဆီမှာ
မှီခိုနေထိုင် အိုးအိမ်ပိုင်ကြ···။

* ဩော်···
လူတွေမှာသာ
နေစရာရှာ၊ မရေရာပါ
ခြံ၊ မြေယာဈေး၊ တိုက်ခန်းဈေးကွက်
မိုးထိတက်လု၊ ဘတ်ဂျက်ခွင့်ပြု
မစပ်စုနိုင်၊ ဘေးထိုင်မှိုင်ရင်း
စွဲကိုင်နှစ်ချုပ်၊ နှစ်ဝက်ချုပ်နဲ့
လချုပ်နေ့စား၊ အခန်းငှားကာ
အိပ်စရာရှာလို့
မဟာမြို့ပြ၊ အိမ်ငှားဘဝစုံ
သောကဘုံမှာ
သိုက်မြုံမဲ့နေ အိမ်မဲ့နေဆဲ··· ။

|မောင်နန်းဝေ(ဗန်းမော်)၏
အိုးမဲ့အိမ်မဲ့ နေ့ရက်များကို ခံစားခြင်း|

❖ ❖ ❖ ❖

# လေတိုက်နေသော ငါ

* ရှိ(ရယ်)သလားဟေ့ ရှိ(ရယ်)ပါတယ်
ညီသလားဟေ့ ညီပါတယ်···
ကြည်သလားဟေ့ ကြည်ပါတယ်···။

* မီးမောင်းတွေရဲ့ တကယ့်အလယ်မှာ
ဇာတ်ခုံကြီးရဲ့ အတည့်ဘယ်ညာ
လိုက်ကာကြီးရဲ့ အလှည့်တွယ်တာ···။

* ရောယိမ်းလေ ဘာသားယိမ်းလေ
ဇာတ်မတိုက်ပေ ဝေလေလေ
သူများတွေလုပ်သလို လုပ်လိုက်လေ···။

* ရှိ···ရှီးလေး ရှီးလေးလေး
ရှိ···ရှီးလေး ရှီးလေးလေး

* လက်ညှိုးတွေထောင် ခေါင်းတွေရှောင်
ကြောင်တောင်တောင်လို ဟိုသည်ကြည့်။
ငါ့ကိုယ်ငါတော့ ဘာမှမသိ···။ ။

၁၉၇၈/၇၉ Eco. FRESHER WELCOME သမိုင်းအားကစားရုံ
(ကိုဝင်းအောင်သို့ အမှတ်တရ)

❖ ❖ ❖ ❖

## အဖြည့်ခံ

*　ပန်းကဝိုနေ
လျှံဝေဝတ်ရည်၊ စိုပြည်အလုတွေ
ဣန္ဒြေလွန့်လူး၊ စိန်ရွှေကွန့်မြူး
ပွင့်ဖူးသင်းပျံ့ ဆင်းရနံ့တို့
တောနံ့တောင်ခြေ မျှော်တော်ယောင်···။

*　ပျားကရယ်နေ
နေခြည်ဝေ့ဖြာ၊ သင်းပျံ့လာသည်
ကဗျာတေးသီ၊ စာပန်းချီထင့်
ဝတ်ရည်ဆင့်သော၊ ပွင့်စုံတောမှာ
လွင့်မျောဝတ်မှုန် ရှာတော်ပုံ··· ။

*　ပန်းနဲ့ပျားတွေ့
ချစ်ခြင်းစေ့ဆော်
မွေ့ပျော်ပွေ့ဖက်၊ ပန်းမျိုးဆက်သစ်
တိုးတက်တင့်တယ်၊ ပန်းပင်လယ်မှာ

ကျီစယ်ရွှင်မြူး ဝတ်မှုန်ကူးကြ
ကြည်နူးမျှဝေ၊ မေတ္တာမြေသို့
လေပြည်ရှက်ပြုံး မနိုတရိုး၊၊။ ။

(၂၀-၇-၂၀၀၆)

❖ ❖ ❖ ❖

## သွားလမ်းသာစေ လာလမ်းဖြောင့်စေ

* လာခဲ့တဲ့လမ်း
ကြမ်းချင်ကြမ်းစေ ···။

* သွားနေတဲ့လမ်း
ပန်းချင်ပန်းစေ ···။

* လျှောက်ရမယ့်လမ်း
နွမ်းချင်နွမ်းစေ ···။

* ပန်းတိုင်အရောက်
ဒူးမထောက်စတမ်း
လျှောက်လှမ်းလှုပ်ရှား၊ မကြောက်တရားပါ
အသွားအပြန်၊ အားမာန်အနန္တ
တက်ကြွရင်ဆိုင်၊ ယှဉ်ပြိုင်ရဲဝံ့
နောက်မတွန့်သွား၊ စွန့်စားအဘိမွှော
သွေးသိက္ခာသည်၊ ခိုင်မာလေးနက်
ယုံကြည်ချက်ဖြစ်၊ ရပ်တည်ချက်ပီ။
ရင့်ကျက်နှလုံးသား သက်သေတည် ···။ ။

❖ ❖ ❖ ❖

## ခေါက်စာ

* ငါးကြော်ကို မကြိုက်
ကြောင်မိုက်တဲ့လား။
ကြွက်တစ်ကောင် ဖြတ်လို့သွား
ဖမ်းသတ်ပြီးစား…။

* ခြောက်…
ကြောင်ပုစွန်စား၊ ကျွတ်ကျွတ်ဝါး။
ကြောင်ခံတွင်းပျက်နဲ့
ဆက်ရက်တောင်ပံကျိုးများ…။ ။

❖ ❖ ❖ ❖

## ပန်းမရှူးရ

သူ့ခြံမြေတွင်
ရန့်ဝေလွှင်လွှင်
ပန်းတွေမြင်မှ
ချူချင်ခွေချင်
ပန်ဆင်ချင်လျှင်
ဥယျာဉ်မှူးလို ပျိုးပါလား…။ ။

(ပန်းမှဆိုးအချောင်သမားများသို့)

❖ ❖ ❖ ❖

## သစ္စာသဓား

*  အတိတ်လေပြည်
အရိပ်တွေလေ…
ဖြေမပြေချင်၊ မောင့်ရင်ခွင်မှာ
လွင့်စဉ်သွေ့ပျက်၊ အိပ်မက်ကမ္ဘာ
မျက်ရည်အလင်္ကာ၊ ပန်းဝက်ပါပေါ့
သံသရာဆိုတာ လွမ်းချင်စရာ…။

*  မိုးမှာပွင့်လှ
ပုရစ်နုကို
ယုယပိုင်လို ဆန္ဒပိုကာ…။
ဆောင်းမှာသင်းပျံ့
ဆင်းရန့်တို့
ဝင်းဖန့်ကြိုင်လှိုင် ဆန္ဒပိုင်စိုး…။
မိုးမှာပွင့်လန်း
မေတ္တာပန်းကို
ဆွတ်လှမ်းယူလို ဆန္ဒဆိုမည်…။

*  သုံးရာသီထဲ၊ ပြုံးကာရယ်ဆဲ
နိုင်မြဲမေတ္တာ၊ ပိုင်ဆဲပစ်ခွာ

သစ္စာသန့်စင်၊ မေတ္တာရနံ့လွင်
ဖြူစင်ချစ်လာ၊ အကြင်နာပင်
ရင်နာလွမ်းတေး၊ သောက၊ လေးကို
အဆွေးဆိုလျှင်၊ အတွေးမပိုချင်
ကြိုမြင်မှန်းဆ၊ အမှတ်ရလာ
လွမ်းညကြာထင့်၊ ဝေဒနာပြယ်လွင့်
ဖူးငုံပွင့်လန်း၊ ချစ်စခန်းမှာ
တင့်ဆန်းဝေလွင်၊ ပွင့်စမ်းစေချင်
လှချင်သထက်ပင်၊ လှစေချင်ရဲ့
ရင်ခွင်လှိုင်းခတ် စိုးရိမ်ရေမှတ်···။ ။

❖ ❖ ❖ ❖

## သစ္စာစည်း

* ပန်းကလေးမာလာ
ပင်ယံမှာနေ၊ ပွင့်မခြွေလို
ကြွေလေမှာစိုး၊ တိတ်တခိုးဖြင့်
မြတ်နိုးယုယ၊ သမုဒယနွယ်
ရစ်သွယ်စိုးထိတ်၊ ကြည်နူးစိတ်နဲ့
တိတ်တိတ်ကလေး နမ်းမိတယ် ...။

* နမ်းသာနမ်းလျက်
မပန်ရက်လေ
ကြွေသက်ရင်နာ၊ လွင့်စင်မှာကြောင့်
နှံ့သာသင်းပျံ့၊ မိုးလုံးနံ့စေ
ဖြန့်ဝေလွှမ်းနေ လေနှင့်အတူ ...။

* ခူးနေပြီလေ
ပိုင်ကာနေလည်း
မခြွေမနွမ်း၊ ထာဝစဉ်လန်းစေ
ပန်းချစ်တတ်သူ၊ ရှုံ့နံ့ကြူစေ
လေယူရာမွှေး၊ အသခ်ျဝေးစေ
တွေးလေဆွေးမပြေ လွမ်းတေးဝေ...။

* သင်းပျံ့ဝေလျက်
မခြွေရက်ပါ၊ အကြင်နာရှိ
သစ္စာ၏သား၊ နှလုံးသားနဲ့
ချစ်အားငယ်ရှာ၊ မောင့်မေတ္တာများ
နံ့သာတောမှာ အပန်းမပြေ…။

* ချစ်ရင်ခွင်လေ
ဝေလွင် ပွင့်ပန်း၊ အနမ်းပန်းသာ
လွမ်းငွေ့ရစ်လျက်၊ အသည်းပျက်ခဲ့
သက်သေဟန်ပြု၊ ပန်ချွေဆုများ
ကြွေသူ့ရင်မှာ အလွမ်းကမ္ဘာ…။

* ဩော်…
သစ္စာသမား၊ မေတ္တာများစွာ
ဝိုးဝါးပုံရိပ်၊ နှောင်းအတိတ်ကို
သိမ့်သိမ့်လှိုက်ဖို၊ ယုယလိုနှင့်
ချစ်ပိုလွမ်းအား၊ ပစ်ခွာသွားထင့်
ပန်းများပွင့်လုစ်၊ ရင်ခွင်သစ်မှာ
ချစ်၍နမ်း၍၊ စမ်းရေတွေ့စေ
မေ့နိုင်ပါစေ မောင့်လိုလူ…။ ။

❖ ❖ ❖ ❖

## အီကိုမြို့ထူ

*   ပြုံးပန်းသီခိုက်
    ရင်ဖိုလှိုက်၏ . . .။

*   ချစ်ပွင့်ဝေ့ဝဲ
    ကြုံလင့်ဆဲကို၊ အကဲပိုရ၏ . . .။

*   ကိုယ်နေဟန်ထား၊ ခြေလက်ဖျားနှ
    ပါးဥဆေးခြယ်၊ လှသွေးကြွယ်ခဲ့
    ခါးသွယ်လှျပ်လဲ့၊ ယှဲ့ယှဲ့ပြုံးယောင်
    ကောမျက်တောင်လျှင်
    ယဉ်ယဉ်နဲ့ယဉ် အမြဲမြင်၏ . . .။

*   တင့်လှပေဟန်၊ နွဲ့ပြောင်းဟန်မှု
    ရင်ဆူလှိုက်မော၊ မနော၊ဆွတ်ပျံ့
    ဆင်းသန့်ကြည်သာ၊ သွင်ဟန်မှာလျှင်
    ကြင်နာထွေးပို ယုယလို၏ . . .။

*   အို . . .ပျိုမျစ်နုနယ်၊ အလှကြွယ်ဆင့်
    တင့်တယ်ပါဘိ၊ ခံစားကြည့်လို

ဒီကိုမြို့သူ၊ မြကျွန်းသူရယ်
ကြည်ဖြူထာဝရ၊ ပိုင်စိုးရချင်
မြို့ရှင်မြို့စား၊ ဝယ်လိုအားနှင့်
ရောင်းလိုအားတို့၊ တန်ဖိုးတွက်ထား
နလုံးသားရင်းနှီး၊ ပျောက်ပျက်စီးသွား
မုန်းပြီးမေ့ထား၊ သူစိမ်းကားထင့်
ပိုင်းခြားဆင့်ကမ်း၊ ဘဝရှင်းတမ်းမှာ
အလွမ်းလက်ကျန် အသားတင်အရှုံး…။ ။

(၁-၂-၁၉၈၂)

❖ ❖ ❖ ❖

## ပန်းပွင့်လေးဆယ် သို့မဟုတ် . . .

*
ဇွေဝေလွန်းခဲ့
တေပေလွန်းခဲ့
အစွန်းနှစ်ဖက်နဲ့
အခြားမဲ့မှ၊ တစ်ဘဝလုံး
အရှုံးဝဲဂယက်၊ အမုန်းအသည်းပျက်
မနက်ဖြန်လို၊ အိပ်မက်ငိုဆဲ
ကြိုမြဲသောက၊ သမုဒယနဲ့
လောကညှော်သည်၊ အဖော်ရယ်မဲ့စွာ
ကိုယ့်ကမ္ဘာအလယ်
သာယာတယ်ဆိုတာ ဘာပါလိမ့် . . .။

*
တင်းမာလွန်းခဲ့
မပြုတ်သားခဲ့၍
ခံစားခဲ့ရ၊ မင္ဂိမတရား
သမုတိလားလေ၊ အမှားဒသသန
ပရမတ္ထသာ၊ သောကသံသရာ
ဒေသနာတေး၊ ဖွေရှာဝေးလေ
အတ္တတွေနဲ့၊ မကျေလည်စွာ

ကိုယ့်ကမ္ဘာအလယ်
အောင်မြင်တယ်ဆိုတာ ဘာပါလိမ့်...။

* မချမ်းသာခဲ့
ပြည့်စုံခဲ့တယ်
တွေ့ဆုံတဲ့ဘဝ၊ မိနဲ့ ဘနဲ့
မောင်နှမသားချင်း၊ ယုယခြင်းများ
ရင်တွင်းပိုက်ထွေး၊ မေတ္တာတေးများ
နွေးထွေးထာဝစဉ်၊ ကြည်မွေ့ညင်သာ
ကြင်နာဆပွား၊ ရင်မှာထား၏
သားချစ်လိုအင်၊ အမြဲအဆင်သင့်
ကရုဏာအသွင်မြစ်၊ စီးရစ်ရေစုန်
သိမ့်သိမ့်တုန်စွာ၊ ခြံ့လွှာဖြာနွယ်
ကိုယ့်ကမ္ဘာအလယ်
မျက်နှာငယ်တယ်ဆိုတာ ဘာပါလိမ့်...။

* ချစ်လွန်လွန်းခဲ့
မုန်းလွန်းခဲ့ပြန်
သံသယဝန်းကျင်၊ အမြင်မသစ်
မနှစ်မြို့ရ၊ ဘဝင်မကျခဲ့
ဘဝမတူ၊ အခြေခံမတူသူ

ကိုယ်ခံယူလျှင်၊ အဆင်ခြင်မဲ့စွာ
ချစ်တတ်ပါသော၊ အကြင်နာကြာနွယ်
ကိုယ့်ကမ္ဘာအလယ်
ဆွတ်ပျံ့တယ်ဆိုတာ ဘာပါလိမ့် ...။

* စွန့်စားလွန်းခဲ့
မဝံ့ရဲခဲ့သလား၊ သွားဆဲခရီး
နီးလျက်နှင့်ဝေး၊ ပြေးလေဝေးစွာ
အတွေးဝက်ပါ၊ သံသရာမှာ
မေတ္တာသမား၊ ခန္တီစတရားရယ်
သစ္စာတရား၊ အန္တိမလားကွယ်
နားလည်တတ်၏၊ ဖြည့်စွမ်းမိပါရမီ
ကြေကွဲသည်အဆုံး၊ ယူကျုံးမရ
ပရိဒေဝတို့၊ သောကနွယ်ငင်
သံယောဇဉ်တာဝန်၊ မွန်မြတ်ချစ်ခြင်း
နိုင်မြဲခြင်းရပ်တည်ချက်
မပျက်အသည်း၊ တစ်သက်မခွဲ
အမည်းစက်မထင်၊ မီးခိုးတစ်မျှင်သာ
ရင်မနာပါတယ်
ကိုယ့်ကမ္ဘာအလယ်
ဖောက်ပြန်တယ်ဆိုတာ ဘာပါလိမ့်...။

* ဩော် . . . . .
ကာလတွက်ချင့်၊ ရင်နင့်နင့်နဲ့
ပန်းပွင့်လေးဆယ်၊ နွမ်းရင့်ပြယ်မှ
ငယ်ဘဝတွေ၊ တမ်းတနေဆဲ
မျက်ရည်မရှိ၊ နောင်တမသိခဲ့
သံမဏိစိတ်ဓာတ်
ပွင့်နုဖတ်အသည်း
အကဲခတ်မိ၊ သုံးသပ်စိစစ်
သစ္စာဖြစ်ရင်၊ အချစ်နတ္ထိ
အလုပြည့်၏၊ ဘဝ၏ပုံရိပ်
ကောင်းနိမိတ်များ၊ နှောင်းအတိတ်လား
စိတ်၏အားမာန်၊ တင်းမခံသာ
ကံကြမ္မာမဟုတ်
မစပ်သောင ရုတ်လေ . . .။

* ဒိုင်ယာရီထုတ်၊ စာရင်းချုပ်သော်
လုပ်ရပ်တိုင်းမှာ၊ ကိုယ်ဖို့ရာမကြည့်
ကိုယ့်မိသားစု၊ ကိုယ်မေ့လုခဲ့
ဥပေက္ခာပြု၊ သူ့ထက်သာဟု
လူမှုစွမ်းအား၊ ပိုလွန်းသွားသလား

ကိုယ့်အပြုံးများကို ကစားဦးမှ ...။
ကိုယ့်အမုန်းတရားကို ခြားဦးမှ ...။
ကိုယ့်နှလုံးသားကို သနားဦးမှ...။ ။

❖ ❖ ❖ ❖

## ငွေရတုမွေးနေ့ သဝဏ်လွှာ

* မွေးနေ့သက္ကရာဇ်
ပြန်တွက်စစ်ရာ
ပြောင်းလုစ်ကျော်လွှား၊ နှစ်ဆယ့်ငါးကြာ
ရွှေလျှားကုန်ကာ၊ ဖြတ်သန်းလာခဲ့
မင်္ဂလာရာစု လေးပုံတစ်ပုံ။

* တက္ကသိုလ်ကာ၊ မြက်ချွန်းသာမှာ
တို့ကာလကြာ၊ ခင်မင်လာရ
ဝေးကြနီးကြ၊ ကြုံဆုံရနဲ့
မေ့မရနိုင်၊ နှစ်ရှည်တိုင်အောင်
အိကြိုင် အိလှိုင် သူငယ်ချင်းနှစ်ဦး…။

* မာလာမြို့သူ၊ မင်းပုံတူလျှင်
ဆံပင်ဖားလျား၊ စကားကြွယ်ကြွယ်
မာန်ထည်လှုပ်ရှား၊ အပြုံးများနဲ့
အမုန်းစကားမဆို၊ အပြောချိုတယ်
မူပိုမာယာ၊ ဟန်လုပ်တာမရှိ
ဘဝင်ထိစကား၊ ရင်မှာမထားဘဲ
အားမနာတမ်း မင်းပြောတယ်…။

* နှလုံးသားတစ်ခု
ရိုးသားမှုနှင့်၊ ပွင့်လင်းစိတ်က
မဟုတ်မခံ
တက်ကြွမာန်ရှိ၊ အားပြိုင်ကြည့်ကြ
လှသည့်ဘဝ၊ ပိုင်ဆိုင်ရအောင်
ထာဝရကြိုးစား၊ စဉ်နိုးကြားသည့်
ထူးခြားသတ္တိ မင်းမှာရှိတယ်…။

* ခင်မင်မှုတရား
နှလုံးသားလျှင်၊ သံယောဇဉ်ရှိ
တွယ်တာမိလျှင်၊ ကိုယ်ဖိရင်ဖိ
ကူညီသည့်စိတ်၊ အရိပ်လိုပဲ
ခံစားရဲတယ်၊ ပြောရဲဆိုဝံ့
နောက်မတွန့်သွား၊ သူ့ကိုယ်စားလေ
ရိုးသားမားမတ် မင်းရပ်တယ်…။

* ချစ်ခြင်းမေတ္တာ၊ အကြင်နာနဲ့
သစ္စာတရား၊ ကရုဏာများလည်း
သက်ထားနှင်းလျက်၊ လက်တွဲယုက်၍
မပျက်သံသရာ၊ ဆက်ကာကြမ္မာ
ဝေးစွာအသချေ၊ ပန်းတွေဝေထင့်
ပွင့်စေသင်းမြ ချစ်ဘဝလေး
ဒုတိယသမုဒယ မင်းရတယ်…။

* ယုံကြည်အားထား
လေးစားရိုကျိုး၊ ကိုးကွယ်လိုက်နာ
အမျိုးဘာသာ၊ သာသနာ၏
ရောင်ဝါထွန်းသစ်၊ ဓမ္မစစ်တည်
ကြည်ညိုပါဝင်၊ စိတ်ကြည်လင်စွာ
သက်ဝင်ရိုကျိုး၊ ခိုကိုးဆည်းကပ်
မပြတ်နေ့ည၊ နိဗ္ဗာနဝါတောစမင်္ဂလာ
ဂါရဝတရား မင်းမှာထားတယ်…။

* ယဉ်ကျေးမှုအယူ
ကြီးသူရိုသေ၊ ငယ်နေသနား
လေးစားရှယ်တူ၊ ဖေးမကူပြန်
မှုမှန်ရပ်တည်ချက်
နှစ်သက်ရည်စွာ
ယုံကြည်ပါရန်၊ ခိုင်မာမှန်ကန်
သန္နိဋ္ဌာန်ပေါ်၊ ခံနိုင်ရည်တရား
သမုတိများနဲ့
ခံစားမှုယူ မင်းဖေးကူတယ်…။

* တို့တစ်တွေလေ
ဆုံနေကြချဲ၊ ကျွမ်းချစ်ခဲ့ကြ
လုတဲ့အသိ၊ နားလည်မိစတမ်း
လွမ်းသည့်ထုပ္ပါတ်၊ ဘဝဇာတ်ကို

ရစ်ပတ်ဖွဲ့နှောင်၊ တိမ်းမရှောင်သာ
တို့မောင်နှမ၊ ဆွေးနွေးကြတယ်
သောကလေးပို မငိုကြေးကွယ်…။

* မွေးနေ့ဆိုတာ၊ မင်္ဂလာလေ
ချစ်စွာတို့တွေ၊ ဆောင်းဆုခြွေမယ်
မကြွေမနွမ်း၊ ထာဝစဉ်လန်းစေ
ပန်းသရဖူ၊ အောင်ပွဲယူစေ
ယှဉ်တူထာဝရ ကြည်ဖြူစေ…။

* လူဆိုသည်ကား
မွေးဖွားသည်မှ၊ ခုကာလထိ
ဘဝလှိုင်းတွင်း၊ လူးလာရင်းဖြင့်
သက်ဆင်းရွေ့လျား၊ မင်းလူပ်ရှားဏ်
ရိုးသားပကတိ၊ ရင်ဆိုင်သည့်အခြေ
ပီတိမျက်ရည်၊ လွမ်းပွင့်ကြွေ၍
ဝေသည်သမုဒယ၊ တဒင်္ဂတာ
နွမ်းလျလိုက်မော၊ ပန်းတို့တောဝယ်
လွင့်မျောသောက၊ ရင်နှင့်အမျှပေါ့
ရယူအောင်ပန်း၊ ဆွတ်ချူလှမ်း၍
ဆင်မြန်းနိုင်လို့၊ ဆန္ဒပိုကာ
ငိုမိလွမ်းနေ၊ စိတ်တောလေနဲ့
မျက်ရည်ပင်လယ် ဝေပေမယ်…။

* အားမလျှော့ . . . ယုံ၊ ဘဝစုံနဲ့
ကြုံဆုံခဲ့လမ်း၊ ခရီးကြမ်းဝယ်
ပန်းတစ်ပွင့်နယ်၊ နမငယ်လျှင်
ရယ်ရွှင်ပြုံးပြုံး၊ အလှဆုံးနှင့်
ရှန်းကန်အားသစ် ဖြစ်နိုင်စေ . . .။

* ဪ . . . . .
သည်ယနေ့မှ၊ ဘဝစ၍
အလှပဆုံး၊ အောင်မြင်ဆုံးများ . . .
အကြည်နူးဆုံး၊ ချမ်းမြေ့ဆုံးများ . . .
အနွေးထွေးဆုံး၊ ကြည်မွေ့ဆုံးများ . . .
ဆုံးသက်ရှယ်တူ၊ ချစ်တေးမြူလို့
ကြည်ဖြူလျှောက်လှမ်း၊ ခရီးလမ်းမှာ
ပန်းပမာလန်းဖြာ မနွမ်းတာရှည် . . .။
စမ်းပမာချမ်းစွာ ဝမ်းသာစေ . . . ။
ကျန်းမာချမ်းသာ ပန်းကမ္ဘာမြေ . . .။

(၆-၆-၂၀၀၆)

❖ ❖ ❖ ❖

# အစုန်းမြို့မှာ

* အလွှမ်းကိုကို
ဘုရင်ဆိုရင်
နားခိုခစား
မှူးမတ်များစွာ
မျက်ရည်သာတည်း . . .။

* ပြည်သားမှာမူ
သမုဒယဟူ၏
ပူပင်သောက
ဗျာပါဒသာ
သစ္စာမြို့ဝန်
မေတ္တာကျွံသူ
စိမ်းတံခွန်ထူပြ
ဝေဒနာညမှာ
ဖြေသာမရသူ
မေ့တော်မူမည်

ပြည်သူ့မရှိရ
အမိန့်တော်ပြန်· · ·။ ။

(ဆရာအစ်ကိုကြီး ပန်းချီအောင်ဘသို့)

❖ ❖ ❖ ❖

## ပုဂ္ဂလိက
## ထုတ္တိဗေဒ သုတေသန

* ကြွေပျက်လွင့်စင်
သံယောဇဉ်တို့
ခင်မင်ရင်းမှ၊ လွမ်းတရလည်း
သောကယိုးမှား ရှိးသားဝေဒနာ၊၊၊

* ရွှေအိုရောင်အချစ်
သမုဒယမြစ်မှာ၊ နစ်မျောလွင့်ပါ
အကြင်နာတရား၊ တဒင်္ဂစကား
သခါရလားလေ သံသယလော့၊၊၊

* နွမ်းရန့်ထုံ
ပန်းပရိဂုဏ်မှာ
ဝတ်မှုန်လွင့်ပါး
ပွင့်စုံနှင့်လား၊ တင်ဂုဏ်မြှင့်ထား
အသွားအပြန်၊ အမှားအမှန်
အလျားအနံ၊ မဝေဖန်ချင်

ရင်ခွင်လှိုင်းဂယက်
အိပ်မက်ပင်လယ်…။

※ ဘဝနဲ့အချစ်
ဒဿနဖြစ်ခဲ့၊ ရစ်ဖွဲ့သံစဉ်
သိမ်မွေ့ရင်လှပ၊ ကြွေရင်မမ
အယုအယမလို၊ မငိုကြေးကွယ်
နားလည်ခြင်းသာ…။

※ ကာလမကုန်
ကြုံဆုံနေရ၊ နေ့နဲ့ညတွေ
လှည့်ပတ်နေရဲ့ လောကနဲ့နပန်းလုံး
အပြုံးအမဲ့၊ ရှုံးတဲ့အခါရှုံး
နိဂုံးမဲ့ရင်ခွင်၊ မပြေမလွင်ဘဝ
ဆင်ခြင်အစဉ် ထာဝရ
နိုးထအာရုံ၊ သိမ့်သိမ့်တုန်နေ
ခြေကုန်လက်ပန်း ကျလှအောင်…။

※ ဘဝဆိုသည်ကား
ရဟတ်ချားပမာ
နိမ့်ပါးတဲ့အခါ သည်းခံ
မြင့်မားပြန်တဲ့အခါ ခွင့်လွှတ်

ထွတ်မြတ်မှု မင်္ဂလာတစ်ပါး
ဖြည့်စွမ်းခြင်းတရားသာ
နှလုံးသားမှာ ခိုင်ကျည်
သန္နေတည်ဖြစ်၊ ယုံကြည်စွဲနစ်
ရာစုသစ်တိုင်…။

* ကွယ်…သည်တော့လည်း
ယုံကြည်ရဲ၍
အသက်ရှိသာ၊ အသိမဲ့လျက်
ထိုထိုငှက်ပင်၊ တောင်စုံလင်၍
ကောင်းကင်တစ်ဝန်း၊ ပျံလျှင်ကျွမ်းသော်
တစ်ဝမ်းတစ်စာ၊ ဘာသာရှာသည်
ဘယ်မှာဘယ်သူ့ ကိုးလို့တုံး…။

* မောင်ဝဏ္ဏ၏၊ အားဖြည့်ကဗျာ
ဦးတည်ရာနောက်၊ တကောက်ကောက်လိုက်
တိုက်ပွဲပျော်ငါ၊ သံသရာမှာ
ဝက်ပါလမ်း၊ လှည့်စားစမ်းလေ
ပန်းနုံ့ဝေအုံ့… ။

* ယုံနေဆဲပဲ
ရပ်တည်ရဲစွာ၊ ထပ်တည်မြဲလာ

ပတ်လည်မခွဲမခွာ
ဘဝကမ္ဘာထဲမှာ အလှရှာဆဲပါ
အောင်ပွဲဆိုတာ ကိုယ့်ရှေ့မှာ…။ ။

(ညီမငယ် စီစီမာသို့ အမှတ်တရ)

❖ ❖ ❖ ❖

# မှာတမ်းမှတ်တမ်း

* ဘဝလှိုင်းတွင်း၊ လူးလွန့်ရင်းဖြင့်
သက်ဆင်းရွေ့လျား၊ အပြေးလွှားလေ
လှုပ်ရှားရုန်းကန်၊ လောကဓံမှာ
စုန်ဆန်မရပ်တမ်း
ခရီးလမ်းတာ၊ ဖြတ်သန်းသည့်အခါ . . . ။

* ပီတိမျက်ရည်
သမုဒယတွေနဲ့ ကြွေနေလိုက်မော
စောကြောစရာ၊ ဘဝစာမျက်နှာများ
ဝိုးတဝါး အရိပ်သဏ္ဌာန်
မှန်တိုင်းထန်အဖြစ်
မိုးပွင့်လုစ်ကြွေ
ရောင်နီဖြာဝေ ဘဝများ
အလှတရား လေပြည်
စသည် စသည်
ကြုံမည်ဆုံမည် ကောန်ပင် . . . ။

* ကြုံဆုံသည်ဆိုလင့်
ပန်းတစ်ပွင့်နှယ်၊ နမငယ်လျှင်

ရင်ဝယ်နိုင်ကျည်၊ မာနတည်ထား
သစ္စာစကားပီ၊ နားလည်ကျေနပ်
ခွင့်လွှတ်တတ်ထင့်၊ ဆုံးဖြတ်ရဲရင့်
အောင်ပွဲဝင့်စမ်း၊ ပန်းပွင့်အပြုံး
ဘယ်အခါ မရှုံးလေ
ကျောက်တုံးသို့နှယ် စွမ်းနိုင်စေ··· ။ ။

တူမငယ် မြသီတာ (MAI) သို့

(၂-၇-၂၀၀၆)

❖ ❖ ❖ ❖

## မွေးနေ့လက်ဆောင်

* သူ့ရဲ့ဘဝ
မှုန့်အလှ
သမုဒယရိပ်၊ လွမ်းအတိတ်များ
နိမိတ်ပုံထင်၊ သံယောဇဉ်ပင်
အကြင်နာတရား၊ အမုန်းများဖြင့်
အရှုံးတရားထင့်၊ အပြုံးများဆင့်
နှလုံးသားပွင့်တွေ တလွင့်လွင့်ကြွေ. . . ။

* သူ့ရဲ့အပြုံး
အလှဆုံးလည်း
နှလုံးသည်းပွတ်၊ တိမ်းမူးညွတ်ငင်
ထွတ်တင်ကိုးစား၊ ချစ်တရားတို့
ခံစားသိမှတ်၊ နားလည်တတ်ရဲ့
ရစ်ပတ်လွှမ်းခြုံ၊ ချစ်အာရုံကို
ခိုလှုံစမ်းသပ်၊ ရင်လှုပ်လှုပ်ခါ
ရိုက်ခတ်ဆော့ပြေး၊ မမေ့ကြေးပေါ့
နွေးထွေးထာဝစဉ် သံယောဇဉ်. . . ။

* သူ့ဘဝမှာ
ကာလယန္တရား၊ ပြောင်းလဲသွားရာ

အချစ်များစွာ၊ သိနေပါလိမ့်
မေတ္တာများစွာ၊ ပြည့်နေပါလိမ့်
သစ္စာများစွာ၊ ရှိနေပါလိမ့်
တွယ်တာထာဝရ၊ တဒင်္ဂမှ
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းစေ. . . ။

* သူ့ကမ္ဘာမှာ
မာယာကြော့ကွင်း၊ လှည့်စားခြင်းနဲ့
ချစ်တင်းဖွဲ့ကာ၊ ပလီပလာပေါ့
ညင်သာဆော့ပြေး၊ မလွမ်းကြေးနော်
ပန်းပေးသော်လည်း အနိုင်မယူ. . .။

* သူ့ကလေးရေ. . .
သည်မွေးနေ့မှ၊ ဘဝစ၍
အလှပဆုံး၊ သိမ့်မွေ့ဆုံးများ
အပြုံးလွှမ်းခြုံ
ဆုံးသက်ရှယ်တူ၊ ချစ်တေးကြူ၍
ကြည်ဖြူလျှောက်လှမ်း၊ ဘဝလမ်းတွင်
ချမ်းမြေ့ပန်းသခင် ရွေးစေသတည်း. . .။
စမ်းတွေ့ချမ်းလွင် အေးစေသတည်း. . .။
ပန်းအပြည့်လန်းရွှင် မွှေးစေသတည်း. . .။

❖ ❖ ❖ ❖

# ချမ်းသာပြည့်စုံ အောင်မြင်ကျော်
# အသက် ၁၂၀ ရှည်စေသော်ဝ်

* မွေးနေ့ဆိုတာ
မင်္ဂလာလေ၊ ရင်မှာစွဲထင်
မော်ကွန်းတင်သည်၊ ကျင်လည်ဖြတ်သန်း
ဘဝခရီးလမ်းမှာ၊ အောင်ပန်းတွေဝေ
မျက်ရည်ကြွေခဲ့၊ ဆုံနေကြုံနေ
အတိတ်တွေကို၊ ရှာဖွေဆန်းစစ်
ချိန်ဆဆစ်ဖြာ၊ ငါနှင့်ငါသာ
နှိုင်းစရာဟု၊ ပမာပြုလေ
တွေးရှုနမူနာ၊ အဖြေရှာပေါ့
ကိုယ့်လိပ်ပြာကိုယ် မလိမ်ကြေးနော်. . .။

* ဘဝခရီးအစ
မိဘဝတ္တရား၊ အဘိုးအဘွားမှ
အဘ အဒေါ်၊ မောင်နှမအဖော်တို့
ခေါ်ငင်စောင့်ရှောက်၊ လူလားမြောက်ခဲ့
ပေါက်ရောက်ပညာ၊ အတိုင်းအတာတစ်ခု
ပံ့ပိုးမှုများ၊ ကျေးဇူးတရားတွေ

ခံစားကြဲ့တွေ့ မမေ့စေလို။
နေ့တွေညတွေ အသချေ့ပို၊ . . ။

* မှာစမ်းချင်တာ
အမျိုးဘာသာ၊ သာသနာအကျိုး
ရှက်သယ်ပိုးပြီး၊ ခင်ပွန်းကြီးဆယ်ပါး
မပြစ်မှားနှင့်၊ အားထားရိုကျိုး
ပူဇော်ကိုးကွယ်၊ မေတ္တာဝယ်ပါ. . .
ငါးဖြာအနန္တ ဦးထိပ်ထား။
လေးစားထာဝရ ဂါရဝတရား။
မိသားစုအား အကြြင်နာထား. . . ။

* သူတော်ကောင်းပမာ
စောင့်ထိန်းကာဖြင့်၊ ဂုဏ်ဖြာတင့်တယ်
ဟန်မကြွယ်နိုင်၊ ခိုင်ခိုင်မာမာ
သူယုတ်မာညစ်၊ ဘယ်ခါမဖြစ်သင့်
စိတ်နှင့်ကိုယ်မှာ ယုံကြည်ပါလော့. . . ။

* ဘဝကွန်ချာ
လှုပ်ကာရွှေ့လျား၊ မနေမနားပေါ့
လှုပ်ရှားရုန်းကန်၊ ဇွဲစိတ်သန်ရင်း
အားမာန်ကိုတင်း၊ အောင်မြေနင်းရင်း

ရှုံးခြင်းအန်တု၊ အနိုင်လုရန်
အောင်ဆုကိုမျှော်၊ တိုက်ပွဲပျော်ရင်း
စိန်ခေါ်ယှဉ်ပြိုင်ရပေမည်။

* ရင်ဆိုင်ရခရီး
ရေစီးတစ်ခါ၊ ရေသာတစ်လှည့်
ကိုယ်သာသည့်အခါ၊ ကြည်နူးစွာပေါ့
ကိုယ်နာသည့်အခါ၊ အန်ခဲကာပေါ့
ကြုံရာရင်ဆိုင်၊ အားချင်းပြိုင်ရင်း
နိုင်တာတွေလည်း အသချေ
ရှုံးပွဲတွေလည်း အနန္တ
ကြုံရဆုံရ၊ ဖြစ်ရာဘဝမှာ
လက်ပြရှောင်ဝေး မပြေးကြေးနော်. . . ။

* တူချစ်ညီဇော်
ကြုံဆုံသော်ငြား၊ ခရီးဖော်များက
ကြိုးစားထာဝရ၊ ငွဲလုံ့လနဲ့
မိတ္တဗလ၊ စာရိတ္တလေ
မျှတစိတ်ထား၊ နလုံးသားနဲ့
စွမ်းအားကိုပြု၊ နားလည်မှုတွေ
ရှေးရှုဦးဆောင်၊ ဘဝတန်ဆောင်ပေါ့
အောင်မြင်ခရီးကြမ်း၊ ပန်းခင်းလမ်းပမာ

ချမ်းမြသာယာ ရှိပါစေ၊
အခါခါပြု ဆုပန်ခြွေ။ ။

(၂၀-၃-၂၀၀၆)

❖ ❖ ❖ ❖

## အတွင်းမဲ့၏
## အခြားမဲ့မှာ . . .

* ခင်သူ့ရင်မှာ
အစဉ်သာထင်၊ အကြင်နာမြင်
ဝင်လာအရိပ်များ၊ စိတ်တံခါးပေါ်
ဝိုးတဝါးမှုန်ရီ
ဝေစီထုံမွှမ်း၊ အလှရွှန်းလဲ့
ညွှန်းဆိုဖွဲ့နွဲ့၊ လွမ်းခဲ့သမုဒယ
ငယ်ဘဝများ
နမ မုတ်မိပါလိမ့်မည် . . . ။

* ကဲ့ကော်ရွက်များ
သက်သေများသာ
ပန်းတံတားပမာ၊ အလွမ်းစကားပါ
နွမ်းသွားမှာဖြင့်၊ ရင်နင့်နင့်နဲ့
ကြွေလွင့်ခြွေလာ၊ ဝေဒနာလား
ခြေရာများစွာ၊ မမြေသာပြီ

တစ်ပြည်ရွာဆီ
နွေကဗျာသည် ကာရန်မညီ· · · ။

* ငယ်ကျွမ်းချစ်သက်
နှစ်, ရက်, လတွေ၊ အသခေျ်မှာ
လေပြည်မလာ၊ ပင်သက်ဖြာခဲ့
ရင်နာအပြုံး၊ သောကဖုံးသူ
ယူကျုံးမရ၊ နှောင်းနောင်တသာ
လောကသစ္စာ၊ ဥပေက္ခာရွာမှာ
ကြုံရာရင်ဆိုင်၊ တို့ယှဉ်ပြိုင်ခဲ့
အနိုင်အရှုံး၊ အပြုံးအမဲ့
နွမ်းယဲ့ယဲ့မှ၊ အလှည့်ကျပြီ
ဘဝကိုယ်စီ၊ နေရီရီမှာ
ပန်းချီမင်ဆေး၊ ပုံရိပ်လေးတွေ
ဝေးလေဝေးလေ၊ အလှသွေဖည် (ဖယ်)
လွင့်ပြယ်ကွယ်ပေါ့
လွမ်းတယ်ဆိုတာ တဒင်္ဂပါ · · · ။

* ဘဝတစ်ကွေ့
ခဏတွေ့သည်
ကြည်မွေ့ပုံရိပ်၊ အတိတ်ရင်မှာ
ပညာ, မေတ္တာ၊ သစ္စာ, သမုဒယ

ဒဿန, သောက၊ ဘဝရည်မှန်းချက်
ရပ်တည်ချက် စေတနာ
ဝေဒနာ ကြာဖြူပွင့်
ရင့်ကျက်ခွင့်, သိမ်မွေ့ခွင့်
မြတ်နိုးပွင့်လင်း၊ ကျေနပ်ခြင်းသည်သာ
တွယ်တာရာကမ္ဘာ
နားလည်စွာ စကားလေးတစ်လုံး
အချစ်ရှုံးချင် ရှုံးစေတော့ . . .။

* ခံစားကြည့်ပါ
ချစ်မျက်နှာနှ၊ အလှတပ
နှလုံးအသည်း၊ အပြောင်းလဲများ
ခွဲခြားစရာ၊ တကွဲတပြားသာ
မြင်လာအိပ်မက်၊ စိမ်းရက်စက်ထင့်
သစ်ရွက်လွင့်ချွေ၊ ပွင့်တွေကြွေပေါ့
လေမှုဆိုးမိုက်၊ ရမ်းကားခိုက်မှာ
ပိုက်ထွေးဒဏ်ရာ၊ ပူဆွေးစွာလေ
ကြည်သာကျေနပ်၊ ခွင့်လွှတ်တတ်ချင်
ပေးဆပ်ချင်ရဲ့
ရင်ခွင်နှလုံးသား
အရှုံးများကွေ့ဝိုက်
အမုန်းများပွေ့ပိုက်

အပြုံးများတွေနှိုက်
ရင်၌တည်စေ ချမ်းမြေ့စေလို့. . .။ ။

(၁-၉-၁၉၇၂)

❖ ❖ ❖ ❖

# ဒီဝ်ခက်ဒီမ်၏
# တခင်ဒဏ္ဍာရီ

* တစ်ပတ်လျှိုခံထုံး
နှောင်ဖွဲ့ထုံးလာ
ပိတုန်းရောင်ကေသာ၊ မြကတ္တီပါမှာ
နီတျာတင့်ဆန်း၊ တစ်ပွင့်ပန်းနဲ့
ရှင်လန်းပြုံးဆင် အလှတော်ဝင်…။

* သုံးရက်လ, ထင်
ခုံး, မျက်စပင်
ရွှေသမင်မျက်လုံး
အလှဆုံးလည်း၊ ပြုံးလဲ့ရွှန်းယောင်
ကော့မျက်တောင်ဝဲ၊ ဆွဲဆောင်စွမ်းရည်
တန့်နိုင်းမီလို ပန်းချီဗိုသလား…။

* မွှေးညင်းနုညက်
မြသွေးယှက်ကာ၊ ပွင့်ခက်ဖြာလင်း
ဝင်းဝါမွှေးနှ ဝတ်မှုန်စုထွေး

ပါးဥဆေးခြယ်၊ လှသွေးကြွယ်သလို
တင့်တယ်ရှန်းစို ဟန်ရေးပိုနေ…။

* သွယ်လျနှာတံ၊ ဖြောင့်စင်းဟန်မှာ
သဏ္ဍာန်နှဲ့နှောင်း၊ ဖော့ဖယောင်းလို
ပျော့ပျောင်းသိမ်မွေ့ ချမ်းမြေ့ရွှေရင်
လေဝင်လေသန့်၊ ညှင်းညှံ့ညှံ့ဖြာ
ဝင်းဖန့်ကြည်သာ ရှင်းသန့်စွာလေ….။

* စတော်ဘယ်ရီနှုတ်ခမ်း
ပျားရည်ဆမ်းသလို၊ ထုံလျှမ်းစိုပြည်
မြသွေးနီလာ၊ စီရီကာလေ
ညီညာရောင်လွှမ်း၊ ပုလဲသွယ်တန်းသလို
ခြံလွှမ်းနွေးထွေး၊ အလှသွေးကြွယ်
မြဆေးခြယ်မှုန်း၊ တင့်တယ်ဆုံးကွယ်
ပြုံးရယ်ရှင်ပျ၊ ကြယ်စင်လပမာ
ချမ်းမြကြာစုံ နှစ်လှာဖူးငုံ…. ။

* ခါးသေးရင်ချီ
ပဒုမ္မနီထင့်၊ စံမီတင့်တယ်
ဝင့်ထည်အလှမာန်၊ မြကျွန်းစံရယ်
ခြောက်တန်နတ်ရွာ၊ ဘုံကလာသို့
ကလျာနှငယ်၊ ဂုဏ်တင့်ကြွယ်နေ

ဘယ်ခြေညာလှမ်း၊ ကုဋေတစ်သန်းပင်
ထင်စမ်းစေချင်
ဆင်မယဉ်သာ၊ လျှောက်လှမ်းလာပြ
မိန်းမကျက်ခြွေ ရွှေပေးမရ . . . ။

* ဩော် . . . လှလွန်းဆွေလျှင်
ယဉ်ထက်ယဉ်၏
ချစ်ခင်နှစ်လို၊ ယုယပိုမိ
မြတ်နိုးမိကာ၊ ပီတိဖြာဆဲ
နိုးလာအိပ်မက်၊ မေ့ရခက်သည်
ညဆက်ဆက်မှာ၊ လာခဲ့ပါနော်
ရင်မှာတမ်းတ၊ စွဲလမ်းရပြီ
မိန်းမလှလေးရဲ့ အလှပုံပန်းချီ . . . ။ ။

(၈-၁၂-၂၀၀၆)

❖ ❖ ❖ ❖

## ဇာ့ပုန်းချစ်

* ကံကြမ္မာရယ်
ရင်ဝယ်ရစ်ပတ်၊ မညှာတတ်လည်း
တစ်ပတ်လောက်တော့ လျှော့ပါဦး... ။

* မေတ္တာဆိုလည်း
ကြိုမယ့်မေတ္တာ၊ မလိုပါလေ
မြေမှာကြာပေါက်၊ ရေအောက်ပန်းပွင့်
မျှော်လင့်မိုက်မှား၊ သောကပွားခဲ့
ခါးတမာမျိုး၊ ချိုလာနိုးနှင့်
ချိုးလက်တွက်ရေ၊ ရက်ကြာရှည်နေ
အဖြေရလဒ်၊ မုန်းအမြတ်သာ
ချစ်တတ်သူတွက်၊ အမွေဆက်စ
မျက်ရည်ခြွေဥ၊ သည်းကြွေလုပြီ
လွမ်းသမုဒယ၊ ပြုသမျှရယ်
ခုမှ သောကဝေပြီကွယ်... ။

* တစ်ဖက်သတ်ဇာတ်လမ်း
ချစ်ခန်းမပါ၊ လွမ်းဇာတ်နာခဲ့

မေတ္တာသမား၊ စွန့်ပယ်ထားနှောင်
အားလုံးလောင်ရယ်၊ မျက်နှာငယ်နှင့်
ရင်ဝယ်ကြေကွဲ၊ ဝမ်းနည်းမချို
တွေးမိလေလေ၊ ရက်မပြေဖွယ်
ဖြေရခက်တယ် ကံကြမ္မာရယ် … ။

* ချစ်သူရှိရာ၊ ကိုယ့်ကမ္ဘာမှာ
မန္တာအတူ၊ ကြည်ဖြူရွှင်ပျ
နေချင်လှလည်း၊ ဘဝဖူးစာ
မဆုံသာခဲ့၊ ကြမ္မာနိပ်စက်
အလွမ်းဖက်အောင်၊ ခွဲထွက်ရှောင်ပြေး
ပူဆွေးဗျာပါ၊ ဝေဒနာနှင့်
မေတ္တာခြေရာ ဖြေမပြေသာ … ။

* ဩော်- ကံကြမ္မာရယ်
ရင်ဝယ်ရစ်ပတ်၊ မညှာတတ်လည်း
တစ်ပတ်လောက်တော့ လျှော့ပါဦးကွယ် … ။

❖ ❖ ❖ ❖

## 'ရှိုဝ်း' နေမဝင်း

* (ကွမ်းအစ်တစ်လုံး၊ သျှောင်တစ်ထုံးနှင့်
ရင်ဖုံးအင်္ကျီ၊ ဖျင်ပင်နီနှင့်
ယောထည်ပုဆိုး၊ မင်ကြောင်ထိုးနှင့်
အဘိုးကဗိ ပညာရှိ··· )

* နွေနေပြင်းပြ၊ ပူပြင်းစွလေ
ပြည်သူ့နေမင်း၊ အဘိုးဂူတွင်းဝင်
ချက်ချင်းအေးမြ၊ ရင်တွင်းမှလျှင်
သောကပြယ်လွင့် အဝေးသို့နှင်···။

* အဘိုးကိုတမ်းတ
သတိရနေ
နေ့တွေအသချော်၊ ရက်ရှည်ကာလ
မေ့မရမှန်း၊ ပန်းတစ်ခိုင်ညှိုး
ရှိခိုးပူဇော်၊ ကော်ရော်ဝပ်တွား
ခစားရှိသေ၊ ဦးညွှတ်နေ။
ဦးညွှတ်ရှိသေ ခစားနေ··· ။

* အဘိုးသေသော်လည်း
ပြည်သူ့အသည်းမှာ၊ အမြဲသာရှိ
ပြည်၏မိခင်၊ ပြည့်ဖခင်
သခင်မျိုးပေ့ါ၊ တော်လှန်နေ့များ
ခါးသွားထက်ထက်၊ ကလောင်ထက်၏
ကျွန်သက်တိုရန်၊ အားသစ်ဖန်၍
အားမာန်ကိုပျိုး
အမျိုးချစ်စိတ် တပ်လှန့်နှိုး။

* ဩော်…အဘိုးကားပြည်သူ သိပ်ချစ်သူ
ပြည်သူ သူပုန်၊ သူ သူပုန်
ပြည်သူ ကျွန်ဆို၊ သူလည်း ကျွန်
ပြည်သူ သခင်၊ သူ သခင်
မင်တံတစ်ချောင်း။ ကညစ်ပေါင်းနဲ့
လမ်းကောင်းညွှန်ရင်း။ **မှိုင်း**နေမင်းကို
ချစ်ခြင်းထာဝရ၊ ဂါရဝလှိုင်
နေ့ညဦးညွှတ် ရာသက်တိုင်…။ ။

(မျိုးချစ်စာဆို အဘိုးသခင်ကိုယ်တော်မှိုင်းသို့)

❖ ❖ ❖ ❖

## အာဇာနည် အလွမ်း

* အနန္တော အနန္တငါးပါး
ဦးထိပ်ထား၍ ဝပ်တွားခယ
ကန်တော့ကြမည်
အမှတ်ရသည်၊ ဖြေမဆည်သာ
အာဇာနည် သူ့ရဲကောင်း
ပူဇော်ကောင်းသည်
နှစ်ပေါင်းရာရှည် အသချော်ဆီ...။

* အဖအောင်ဆန်းလေ
အမိမြေအတွက်၊ အသက်ကိုမရွံ့
ကိုယ်ကျိုးစွန့်၍၊ နောက်မတွန့်စတမ်း
ရဲစွမ်းသတ္တိ အဖမှာရှိတယ်... ။

* ရိုးရိုးကျင့်ဟန်၊ မြင့်မြင့်ကြံ၍
မှန်မှန်ကန်ကန်၊ မဖောက်ပြန်ဘဲ
ဆက်ဆံစာရိတ္တ အဖ ပြည့်ဝတယ်။

* စိတ်ဓာတ်မြင့်မြတ်၊ ဖြောင့်မတ်မတ်နှင့်
တိကျပြတ်သား၊ လွန်ရိုးသား၍
စိတ်ထားခိုင်ကျည် အဖ တည်ကြည်တယ်

* တင့်တင့်တယ်တယ်၊ ဂုဏ်မထည်ဘဲ
နားလည်ကျေနပ်၊ ခံစားတတ်တယ်
ဝတ်မွတ်ဆင်းရဲ၊ ပြည်သူထဲမှာ
အားခဲမာန်စွဲ အဖ ရောင့်ရဲတယ်··· ။

* ဖက်ဆစ်နယ်ချဲ့ ကျူးကျော်တဲ့သူ
ရန်ဟူသမျှ မြူတစ်မှုန်စာ
ဝင်လာမခံ၊ ပြန်တော်လှန်တယ်
အားမာန်စွမ်းရည် အဖ သွေးနီတယ်··· ။

* တိုင်းရင်းသားများ၊ ညီညွတ်အားကို
နိုးကြားဆောက်တည်၊ ပင်လုံဆီမှ
သည်ပြည်ထောင်စု၊ စည်းလုံးမှုတိုး
ရေးရှုကြိုးပမ်း အဖ ရှင်လန်းတယ်···။

* အဖနှလုံးသား
လေးစားကြည်ညို
ရှေ့ကိုမျှော်မှန်း၊ ရည်ရွယ်လမ်းများ
ကျွမ်းကျင်လိမ္မာ၊ အသိပညာဖြင့်

စေတနာဆန္ဒ၊ ဝီရိယလေ
လုံ့လအားမာန်၊ စွမ်းစွမ်းတမံနှင့်
နိုင်ငံပြည်သူ၊ ရေမှုကူမ
အဖ ရပ်တည်တယ် ဦးဆောင်တယ်··· ။

* နိုင်ငံရှေ့ရေး
လွတ်လပ်ရေးအပေါ်၊ တွေးခေါ်မျှော်မှန်း
လုပ်ဆောင်လမ်းညွှန်၊ ပြည့်တံခွန်လေ
မွန်မြတ်စိတ်ထား၊ ပြည့်တွက်ထားတယ်
နီးကြားထာဝရ၊ ပေါင်းစည်းကြစေ
တက်ကြွအားမာန်၊ ဇွဲစိတ်သန်လျက်
နိုင်ငံအတွက်၊ သွေးချွေးအသက်ကို
ပေးဆက်စွန့်သည် အာဇာနည်··· ။

* ဂါရဝေါစ နိဝါတောစ
မိဘအာဇာနည်
နှစ်ကြာရှည်နေ၊ ကျဆုံးလေလည်း
မသေရဲဘော်၊ ရဲသော်မသေ
သေသော် ငရဲမလားတည်း··· ။

* ဩော်··· ကာလရှည်လည်း
ပြည့်သူ့အသည်းမှာ၊ အမြဲသူရှိ

ပြည်၏မိခင်၊ ပြည့်ဖခင်လေ
သခင်အောင်ဆန်း၊ ဖအောင်ဆန်းကို
ရော်ရမ်းမှန်းဆ၊ သတိတရဖြင့်
ဂါရဝအသခေ်ျ၊ လွမ်းမျက်ရည်နဲ့
တို့တွေ အလေးပြုကြစို့ ··· ။

(လွတ်လပ်ရေးဖခင် အမျိုးသားခေါင်းဆောင်ကြီး
ဗိုလ်ချုပ်အောင်ဆန်းသို့)
(၁၉-၇-၁၉၉၇)

❖ ❖ ❖ ❖

## အာဋ္ဌာဝကာ၏
## မေ တစ်ရက်

* ဟိုးတစ်ချိန်တွင်
အရင်းရှင်တို့၊ စွမ်းအင်ကြီးမား
အလုပ်သမားများကို၊ လှုပ်ရှားကြိုးကိုင်
ခြယ်လှယ်နိုင်ခဲ့၊ ရပိုင်ခွင့်မပေး
လုပ်အားချွေးကို၊ ကုပ်သွေးစုပ်ပြ
အမြတ်ထုတ်ကြ၍၊ သောကပြည့်လျှမ်း
ဘဝလမ်းသည်၊ ကြမ်းတမ်းဆင်းရဲ
ငတ်မွတ်မွဲတေ၊ ဝိုပွဲတွေနဲ့
မျက်ရည်ပင့်သက် ပင်လယ်ဝေ. . . ။

* မျက်ရည်တစ်စက်
ပင့်သက်တစ်ရှိုက်၊ စုစည်းလိုက်မြဲ
တိုက်ပွဲအတွက်၊ အားမာန်တက်ပြီ
ချွေးစက်သွေးပွင့်၊ အောင်ပန်းဆင့်နေ
နွေနှင့်အတူ သည်မေတစ်ရက်. . . ။

* မေအလှကို
ချီကာဂိုမှ၊ ကြိုဆိုကမ်းလင့်
ကဏ္ဍာဖွင့်၏၊ ရဲရင့်နီဖွေး
သွေးနှင့်ရေးထိုး၊ သမိုင်းဆိုးအောင်
တင်းနောင်သံကြိုး၊ ရိုက်ဖျက်ချိုးထုတ်
ရှစ်နာရီအလုပ်လုပ်
ရှစ်နာရီပျော်
ရှစ်နာရီအိပ်
ညီမျှအခွင့်အရေး သမိုင်းပေးအမိန့်. . . ။

* သည်သမိုင်းသည်
ကာလရှည်အံ့၊ ပီပြင်လှုပ်ရှား
အလုပ်သမားထု၊ ညီညွတ်မှုနဲ့
ပေါင်းစုတည်ဆောက်၊ နယ်ချဲ့အောက်မှာ
ကြောက်မလာကြ၊ အင်အားပြကာ
**အာဏာဝက သခင်ဖိုးလှကြီး**
ရှေ့ကဦးဆောင်၊ အမှောင်ကိုခွင်း
ရောင်ခြည်လင်းနေ၊ ရေနံမြေ၏
၁၃ဝဝပြည့် အရေးတော်ပုံ. . .။

* ဩော်. . . အတိတ်ရိုင်းများ
ကုန်ဆုံးသွားပေါ့၊ လုပ်အားအသီးအပွင့်

ကဏ္ဍာဖွင့်ပြီ၊ ဆင့်ဆင့်လှုပ်ရှား
တို့ကြိုးစားရင်း၊ နီးကြားစည်းရုံး
ရိုးသားဆုံးနဲ့၊ ပြုံးပန်းဝေဆာ
ညီညာစွာလေ
စက်ရုံ အလုပ်ရုံတွေမှာ
အသခေါ်လက်များ၊ စုစည်းအားနဲ့
လုပ်အားကျိုးပြု၊ ကုန်ထုတ်လုပ်မှုတွေ
ရှေးရှုတိုးတက်၊ ပြည်သူတွက်မို့
ချွေးစက်တို့ကား ပန်းတံတားသဏ္ဍာန်… ။
ရှေ့ဆက်စို့လား စွမ်းအားအမှန်… ။
ပေးဆက်တို့များ စွမ်းစွမ်းတမံ… ။ ။

(ကမ္ဘာ့အလုပ်သမားနေ့နှင့် တိုက်ပွဲခေါ်သံပုံရိပ် အမှတ်တရ)

(၁-၅-၂၀၀၁)

❖ ❖ ❖ ❖

## တောင်ထူလယ်သမား
## အရေးတော်ပုံ၏ 'ဂဠုန်ဆရာစံ'

* တို့မြန်မာမျိုးရိုး
ဘိုးစဉ်ဘောင်ဆက်၊ ခေတ်အဆက်ဆက်မှာ
ထက်မြက်အစဉ်လာ၊ ရွှေပြည်သာသလို
"ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံ
စပါးတောင်လိုပုံ"
ဝိုင်းကြီးပတ်ပတ်ကလို့ခုန်. . .လို့
မဆုံနိုင်ရိုး၊ ယုံနိုင်ရိုးလေ
ရွှေမိုးငွေမိုး ရွာဖြိုးစွေ. . .။

* သည်အခြေမှာ
တွေဝေလာခဲ့၊ သာယာခဲ့၍
နယ်ချဲ့လက်အောက်၊ ကျွန်သဘောက်အစ
ရောက်ခဲ့ရကား၊ လယ်သမားဘဝ
တကယ်စားမဝ၊ နင်းပြားလွင့်မျော
ဖွတ်ကျော်ပြာစု၊ ဖိနှိပ်မှုတွေ
စုစည်းသွန်မှောက်၊ တုံးအောက်ကန္တ
သသမေ့ခွန်. . .တဲ့! လူခွန်လယ်ခွန်

လွန်ကျွံရိုင်းပျ၊ စော်ကားကြကာ
မရရရာ၊ ကျွဲနွားပါအကုန်
ကောက်ရိုးပုံမကျန်၊ ရန်လိုမာန်တင်း
အပိုင်သိမ်းခြင်းဒဏ်၊ ဝပ်ဆင်းခံရုံ
ဤလူ့ဘုံမှာ၊ ကြုံဆုံနေပြီး
မီးပုံတွင်းကျ၊ ခုန်ဆင်းရသလို
ဘဝမြေမျို နေမညိုတညို…။

*　လယ်သမားထု
ဖိနှိပ်မှုဒဏ်၊ ခေါင်းငုံ့မခံဘဲ
တော်လှန်ဆီးတား၊ "ဘူး"အသင်းများက
ဟန့်တားပိုင်းဖြတ်၊ အသိမှတ်မဲ့
နယ်ချဲ့အစိုးရ၊ လုံးဝအဆုံးစွန်
အခွန်တော်မပေးရန် တိုက်ပွဲဝင်သံ…။

*　လယ်ကွင်းတွေကြား
လယ်သမားအားလုံး၊ စုရုံးပြင်းထန်
မခံရပ်နိုင်၊ ဒဏ်ခတ်ပြိုင်ယှဉ်
အားအင်မျှကူ၊ ဘဝတူဦးကြီးများ
စုစည်းထားကာ၊ အာဏာမရှုး
ဘုရင်မရှူးဘဲ၊ ထူးခြားမာန်ပာန်
ဂဠုန်တပ်စွဲ၊ အောင်ပွဲမျှော်ကြ
တော်လှန်ကြမှု၊ နာမပြုလာ

"သုပဏ္ဏာက ဂဠုန်ရာဇာ" ဘွဲ့ခံ
ဆရာစံသခင်၊ တိုက်ပွဲဝင်သည့်
ထမင်းရှင်များ၏ တော်လှန်ရေးဖခင်. . .။

* ဘဝလွတ်မြောက်ရေး
ရှေ့ပြေးတော်လှန်၊ သူ့ကျွန်မခံလို
ရန်ကိုဖယ်ရှား၊ မြန်မာ့စားဖြင့်
စွန့်စားကမ္ဘာကျော်၊ အောင်ပွဲခေါ်ထား
ဖားရွှေကျော်တိုက်ပွဲ သမိုင်းဝင်ဆဲ. . .။

* နယ်ချဲ့ဥပဒေ
ဆုငွေငါးထောင်၊ အဝေးရှောင်မပြေး
သွေးမကြောင်ကြေးလေ
သတင်းတွေမပေး၊ စောင့်ရှောက်ပေးကြ
အရေးကြီးက၊ သွေးစည်းကြသည့်
မြန်မာ့သွေးနီပြ၊ ညီညွတ်ကြရင်း
ဘဝတူချင်းတွေ ရင်မြေကတုတ်. . .။

* တောင်သူလယ်သမားစုံ
အရေးတော်ပုံကား၊ နီးကြားရဲရင့်
တိုက်ပွဲနှင့်အတူ၊ နိုင်ပွဲယူမလေ
သေအတူရှင်မခွဲ၊ သေရဲသတ်ရဲ
အောင်ပွဲဆင့်ကမ်း၊ ခရီးကြမ်းမှာ

မောပန်းနွမ်းနယ်၊ ဆေးကုကယ်ခဲ့
တောင်စွယ်တောချုံ မြစ်ချောင်းတုန်အောင်
ဂဠုန်တောင်ပံသံ မိုးလုံးညံ ...။

* အမျိုးဘာသာ၊ သာသနာ၏
ကြီးပွားရာအကြောင်း၊ လုပ်ဆောင်ကောင်းမှု
အန်တုမှုစုံ၊ သွေးမတုန်တတ်၊ သုခမှတ်တယ်
မွန်မြတ်စိတ်ထား၊ လယ်သမားချစ်
တိုင်းပြည်ချစ်စိတ်၊ အမျိုးသားစိတ်နဲ့
တော်လှန်စိတ်ဓာတ်၊ အတုယူအပ်သင့်
မြင့်မြတ်စိတ်ထား၊ ရဲဘော်များနဲ့
တောကြားတောင်ကြား၊ လျှိုမြောင်ကြားမှာ
စည်းခြားတိုက်ပွဲ၊ ဆင်ယင်နွှဲလာ
သာယာဝတီသား၊ ဆရာစံကား၊
လယ်သမားများနဲ့ တစ်သားတည်းမခြား ...။

* သူ့ကျွန်မခံ၊ ဆရာစံလေ
သွားလေသူများ၊ ရဲဘော်များနောက်
မကြောက်မရွံ့ နောက်မတွန့်သွား
ဝံ့ဝံ့စားစား၊ လိုက်ပါသွားပုံ
လယ်သမားသူပုန်၊ ဂဠုန်ဆရာစံ
နိုင်ငံလွတ်လပ်ရေး၊ ဦးဆောင်ပေးခဲ့
ရှေ့ပြေးတပ်သား အာဇာနည်တစ်ကား...။

* သာယာဝတီထောင်
မိုင်းမှုန်မှောင်မိုး၊ မြူခိုးပိတ်ချင်
ကြိုးစင်ပေါ်သွား၊ နောက်ဆုံးစကားက
မှတ်သားမေ့မရ၊ အာသီသထင့်
ဘဝတိုင်းဝယ်၊ တောင်းဆုကြွယ်ခဲ့
နယ်ချဲ့အင်္ဂလိပ်၊ စစ်ပုလိပ်ကို
နှိပ်ကွပ်ရင်ဆိုင်၊ အနိုင်ရစေကြောင်း
ဆုတောင်းဆိုသံ၊ သန္နိဋ္ဌာန်ကား
မိုးယံလွင့်ပျံ့ သိမ့်သိမ့်လှုံ့ . . .။

* ဩော် . . . ဆရာစံကား
နှစ်များတာရှည်
သမိုင်းတည်သရွေ့ မမေ့ကြပေ
ဖြစ်လေရာနိုင်၊ ဘဝတိုင်းမှာ
အမျိုးဘာသာ၊ သာသနာအကျိုး
ချစ်မြတ်နိုးလျက်
ဆတက်ထမ်းပိုး၊ စိတ်ဓာတ်မျိုးပိုင်
ကောင်းကျိုးဆောင်ရွက် နိုင်စေသောဝ်။ ။

(တောင်သူလယ်သမားနေ့သို့)

❖ ❖ ❖ ❖

## စာဆို၏ ဆန္ဒဆုမွန်

စာပေ ဝတ္တု
ရတုကဗျာ၊ ပျို့လင်္ကာများ
ရင်မှာခံစား၊ နှလုံးသားနဲ့
ရေးသားသီဖွဲ့၊ ညွှန်းဆိုခဲ့ရာ
ပိုတဲ့အခါ ပိုပါလိမ့်မယ်။
လိုတဲ့အခါ လိုပါလိမ့်မယ်။
ထိုအခါမှာ
ချိုသာပန်တျာ၊ လိုရာထံတျာ
အလင်္ကာသာ၊ မင်္ဂလာတရား
အကြင်နှာထားရာ၊ အများပါက
စကားမှာ မလှ၊ ခွင့်လွှတ်ကြပါ
စေတနာဆန္ဒ၊ ဒေသနာစံပြ
ဝေဒနာကဏ္ဍ၊ ဖွေရှာကြံဆ
အသေအချာ အမှန်ပြ၊ ဖြစ်ရှိဘာဝလေ
မျှခံစားဝေ၊ ဆုခြွေနေလို
မေတ္တာပို့မြ၊ သစ္စာဆိုရဲ
ချစ်သဒ္ဓါချီဆဲ၊ ဆန္ဒစွဲနဲ့
ဆင့်ကဲစဉ်လာ၊ ဖွင့်ဆိုပါသည်

ရင်မှာ တွေးဆကြစေသော်ဝ်။
အစဉ်သာ ဖေးမ လုစေသော်ဝ်။
ဘဝင်မှာအေးမြ ဘဝအရှည်မျှော်။ ။

လေးစားထာဝရ ဂါရဝဖြင့်

ကျော်ဇေယျာလှိုင်
(စီးပွားရေးတက္ကသိုလ်)

❖ ❖ ❖ ❖



၂၀၀၇ ခုနှစ်၊ စာပေဗိမာန်စာမူဆု
ကဗျာပေါင်းချုပ် ဒုတိယဆုရ
''စုန်ရေဆန်ရေ စိမ့်စမ်းရေ''နှင့် အခြားကဗျာများ
ရေးသူ - ကျော်ဇေယျာလှိုင် (စီးပွားရေးတက္ကသိုလ်)

အဖ ဦးမျိုးမြင့်၊ အမိဒေါ်အေးတင်တို့မှ ၁၉၅၅ ခုနှစ်တွင် သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်၌ မွေးဖွားသည်။

၁၉၇၀ ပြည့်နှစ်တွင် အခြေခံပညာအထက်တန်း အောင်မြင်ခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ B.Econ ဘွဲ့ရရှိခဲ့သည်။

၁၉၈၀ မှ ၁၉၈၃ ခုနှစ်ထိ မကွေးတိုင်း၊ အထက်မင်းလှမြို့ မန်းသံပရာကန်၊ ရေနံချက်စက်ရုံ၊ ၁၉၈၄ မှ ၁၉၈၅ ခုနှစ်ထိ ဗဟန်းမြို့နယ် ကုန်စျေးနှုန်းကျဆင်းရေးကော်မတီ၊ ၁၉၈၆ မှ ၁၉၈၈ ခုနှစ်ထိ ချင်းပြည်နယ်၊ တီးတိန်မြို့နယ် စာရင်းရုံး၊ ၁၉၈၉ မှ ၂၀၀၂ ခုနှစ်ထိ စာရင်းစစ်ချုပ်ရုံး ဆက်သွယ်ရေးစာရင်းစစ်အဖွဲ့တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၃ မှ ၂၀၀၅ ခုနှစ်ထိ Ams Co,Ltd တွင် Comsultant အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

ရောစာပေ၏ တက္ကသိုလ်စိန်ရတုအကြို ဆရာကြီး မြကေတု ရေးသားသော နှောင်းခေတ်တက္ကသိုလ် ဘဝမှတ်တမ်းများစာအုပ် တော်ဝင်သူစာပေ အနုပညာ၏ သက်နှင်းဆွေ (ပုပ္ပား) ရေးသားသော အောင်မြင်ခြင်းဆီသို့ ခြေလှမ်းများ၊ အောင်မြင်ချမ်းသာ အဆောင် ယတြာများ စာအုပ်တို့ကို စီစဉ်ထုတ်ဝေခဲ့သည်။

ယခုအခါ ရွှေတိဂုံစေတီတော် ခုနစ်ရက်သားသမီးအသင်း တွဲဖက်အတွင်းရေးမှူးနှင့် မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများ အသင်း (MIEGA) အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ရင်း စာပေအနုပညာ၊ လူမှုရေး၊ ဘာသာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အမည်ရင်းမှာ ဦးတင်လှိုင် ဖြစ်သည်။

နေရပ်လိပ်စာ - တသသ စားတော်ဆက်၊ ဆေးဝါးစက်ရုံလမ်း၊ ခလရ (၁၆) ဝင်း အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။